မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်၊ ၂၀၀၈ခုနှစ်၊ ဖေဖော်ဝါရီ ၂၀ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၇)၊ အမှတ် (၁၄၃)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနမှ ကြည်းတပ်ဒုတိယဦးစီးချုပ်နှင့်အဖွဲ့အားလက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၉

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ရောက်ရှိနေသော ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနမှ ကြည်းတပ် ဒုတိယဦးစီးချုပ် Lt. General, Evnevich Valery G ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။ **(အောက်ပုံ)**

စာမျက်နှာ ၃ ကော်လံ ၁ ✡

ပြည်နယ်ရှိ သဘာဝအခြေခံကောင်းများကို အကျိုးရှိရှိအသုံးချ မိသားစုဘဝ လူနေမှုအဆင့်အတန်း မြင့်မားလာအောင်ကြိုးစား လူ့စွမ်းအားအရင်းအမြစ်များပေါ်ထွက်လာရေး ဖြည့်ဆည်းဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၁၉

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါလျက် ဖေဖော်ဝါရီ၁၈ရက် နံနက်၈နာရီတွင် ရခိုင်ပြည်နယ် အမ်းမြို့နယ် ဒေသဖွံ့ဖြိုးရေးရုံး၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအားတွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ရေးဦးစွာ အမ်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကြည်ဝင်းက အမ်းမြို့နယ်၏ တည်နေရာ၊ အကျယ်အဝန်းနှင့် ဖွဲ့စည်းမှုအခြေအနေ၊ ဆန်စပါးအပါအဝင် အဓိကသီးနှံ ၁၀ မျိုး စိုက်ပျိုးထွက်ရှိမှု၊ ဒေသဆန်နှင့် စားသုံးဆီ ဖူလုံမှု၊ အမယ်သစ်သီးနှံနှင့် နှစ်ရှည်သီးနှံလျာထားစိုက်ပျိုးမှု၊ ခြံစည်းရိုးကြက်ဆူစိုက်ပျိုးပြီးစီးမှု၊ သီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေး၊ မျိုးကောင်းမျိုးသန့်ပြောင်းလဲစိုက်ပျိုးမှု၊ ငါးပုစွန်တိုးချဲ့မွေးမြူမှုနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က ရခိုင်ပြည်နယ်အတွင်း မြို့နယ်များသို့သွားရောက်ပြီး ဒေသဖွံ့ဖြိုးမှုကို တွန်းအားပေးသည့်အနေဖြင့် လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့မှု၊ နိုင်ငံတော်အပိုင်းက ပံ့ပိုးဆောင်ရွက်ပေးနေသကဲ့သို့ ပြည်သူများအပိုင်းကလည်း

စာမျက်နှာ ၈ ကော်လံ ၁ ●

ထောက်ပံ့ပစ္စည်းများပေးအပ်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် သံတွဲမြို့နယ် ဒွါရဝတီခန်းမ၌ လူမှုရေးအသင်းအဖွဲ့များအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်)

မီးဘေးအန္တရာယ် ကင်းဝေးစေရေး ကြိုတင်ကာကွယ် လိုက်နာဆောင်ရွက်

ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီဖြစ်သည့်အတွက် ပူပြင်းခြောက်သွေ့လာသဖြင့် မီးဘေးအန္တရာယ်ကာကွယ်ရေး အလေးထား ဆောင်ရွက်ကြရန် လိုအပ်ပေသည်။ မီးသည် သုံးတတ်လျှင်မိတ်ဆွေ၊ မသုံးတတ်လျှင်ရန်သူဖြစ်သည်။ ထို့ကြောင့် မီးကိုသုံးစွဲသည့်အခါ သတိထားကြရမည် ဖြစ်သည်။

ယခုအခါ လူနေမှုအဆင့်အတန်းမြင့်မားမှုကြောင့် လျှပ်စစ်အသုံးဆောင်ပစ္စည်းများ သုံးစွဲမှုများပြားလျက်ရှိရာ စနစ်တကျ ကိုင်တွယ် အသုံးပြုကြရမည် ဖြစ်သည်။

၂၀၀၈ခုနှစ် ဇန်နဝါရီလအတွင်း နိုင်ငံတစ်ဝန်းလုံး၌ မီးလောင်မှု၈၉ကြိမ် ဖြစ်ပွားခဲ့ရာ မီးဖိုမီး၊ ပေါ့ဆမီး ၇၄ကြိမ်၊ လျှပ်စစ်မီး ကိုးကြိမ်၊ မသမာသူရှို့မီး လေးကြိမ်၊ အလိုအလျောက်မီးတစ်ကြိမ်နှင့် တောမီးတစ်ကြိမ်ပါဝင်သည်။ အဆိုပါ မီးလောင်မှုအကြိမ် စုစုပေါင်း၏ ၈၃ဒသမ၁၄ရာခိုင်နှုန်းသည် မီးကိုမဆင်မခြင် သုံးစွဲမှုကြောင့် ဖြစ်ပွားရခြင်းဖြစ်သည်။

အချိန်ယူတည်ဆောက်ထားရသော စီးပွားရေး၊ လူမှုရေး အခြေခံအဆောက်အအုံများ၊ လူနေအိမ်များနှင့် တန်ဖိုးမဖြတ်နိုင်သော ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များသည် မီးလောင်မှုကြောင့် ပျက်စီးဆုံးရှုံးပါက နိုင်ငံတော်အတွက် များစွာနစ်နာရပေသည်။

မီးဘေးကြိုတင်ကာကွယ်သည့်အနေဖြင့် မီးချိတ်၊ မီးကပ်၊ သဲအိတ်၊ ရေပုံးတို့ကို နေအိမ်အဆောက်အအုံများတွင် အသင့်ထားရန် လိုပေသည်။ ခေတ်မီအဆောက်အအုံများ ဆောက်လုပ်ရာတွင်လည်း အရေးပေါ် ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ဦးစီး ဌာန၏ အကြံဉာဏ်များရယူပြီး ဆောင်ရွက်သင့်ပေသည်။

မီးဘေးအန္တရာယ် ကင်းဝေးစေရေးတွင် ကြိုတင်ကာကွယ်မှုသည် အရေးပါလျက်ရှိရာ မိမိတို့အိမ်၌ တစ်ယောက်မျှ မကျန်ခဲ့လျှင် မီးမှန်သမျှစစ်ဆေးပြီးမှ သွားလာကြရန်လည်း လိုပေသည်။

သို့ဖြစ်ရာ မီးဘေးအန္တရာယ် ကင်းဝေးစေရေးအတွက် ပြည်သူများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းပြီး ကြိုတင်ကာကွယ်မှုလုပ်ငန်းများ လိုက်နာဆောင်ရွက်ကြခြင်းဖြင့် မီးဘေးအန္တရာယ်မှ ကင်းဝေးကြရမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော် တောင်ဘက်စောင်းတန်းတည်ဆောက်ရန် ငွေလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် မရမ်းကုန်းမြို့နယ်၄ရပ်ကွက် အောင်မင်္ဂလာ ၃လမ်း အမှတ်-၄/၁၈၀နေ နှစ်ဖက်သောမိဘများကို ဦးထိပ်ထား၍ ဒေါ်ကျင်ကျင်၊ ဦးလှအောင်၊ဒေါ်သောင်းထွေးမိသားစုကအလှူငွေကျပ်၁၀၁၀၀၀၀ကို လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးမောင်လိုင်နှင့်ဦးထွန်းတို့က လက်ခံယူသည်။(အောက်ပုံ)

အလှူရှင်များအနေဖြင့် စေတီတော်ဂေါပကရုံး ဖုန်း-၆၆၀၀၀၆သို့ ဆက်သွယ် လှူဒါန်းနိုင်သည်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၂၀-၂-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၅	၃။	အမျိုးသားရေးတေးကဗျာ
၄း၃၀	၄။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၅၀	၅။	မျိုးချစ်တပ်မတော်
၅း၀၀	၆။	တက္ကသိုလ်ဝင်တန်းစာမေးပွဲ အထောက်အကူပြု သင်ခန်းစာပို့ချချက် (ဓာတုဗေဒ)
၅း၂၀	၇။	ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၅း၃၀	၈။	ရင်ခုန်စီးဆင်း အချစ်သီချင်း
၅း၄၀	၉။	မြတ်နိုးကြစေ အမျိုးသားအမွေ
၅း၅၀	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၂။	နိုင်ငံတကာသတင်း
၆း၂၀	၁၃။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၄။	ကာတွန်းအစီအစဉ် **ငါးကလေးရဲ့စွန့်စားခန်း** (အပိုင်း-၂၃)
၆း၄၅	၁၅။	လျှပ်တစ်ပြက်
၇း၀၀	၁၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပုံရိပ်ပမာ** (အပိုင်း-၇၄)
၈း၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	မိုးလေဝသသတင်း
	၁၉။	အမျိုးသားရေးတေးကဗျာ
	၂၀။	လူရွှင်တော်ရွှေဖလား
	၂၁။	ICT သုတ
	၂၂။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **စည်းခြားထားသောအချစ်** (အပိုင်း-၇)

အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်းဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

နိုင်ငံခြားရေးဝန်ကြီးဌာနက ကြီးမှူးဖွင့်လှစ်သည့် အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၁၈/၂၀၀၈)ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ ညနေ၃နာရီက နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။(အောက်ပုံ)

တက်ရောက်

အဆိုပါ သင်တန်းကို ရက်သတ္တ၁၂ပတ်ကြာ ပို့ချမည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၁၈၃ဦး တက်ရောက်ကြသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၀-၂-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

AM&PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	ပျံ့ချိန်တန်ပျံ့ပါ တရားတော် (အပိုင်း-၂) (ဘဒ္ဒန္တခေမာစာရ အောင်ခေမာဆရာတော်)
၇း၄၅-၁း၄၅	Industrial Talk (ဒေါက်တာမင်းသိန်း၊ ဦးတင်အောင်ရွှေသုတေသီ)
၈း၂၀-၂း၂၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၈း၄၅-၂း၄၅	ဘုန်းတော်ထင်ရှား ရှင်တော်မဟာမုနိဘုရား
၈း၅၅-၂း၅၅	တေးဂီတအစီအစဉ်
၉း၀၀-၃း၀၀	ပြည်တွင်းသတင်းအကျဉ်း
၉း၁၀-၃း၁၀	ရွှေပြည်ဟိန်းကုသိုလ်ဖြစ် ဆေးခန်း၏(၃)နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနား
၉း၄၀-၃း၄၀	တေးဂီတအစီအစဉ်
၉း၄၅-၃း၄၅	ချင်းရိုးရာဝတ်စားဆင်ယင်မှု
၉း၅၀-၃း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၅-၃း၅၅	သာယာချိုအေး (၃၈)ဖြာ မင်္ဂလာတေး (လူမိုက်နှင့်ကင်း ချမ်းသာခြင်း)
၁၀း၀၅-၄း၀၅	မိုးလေဝသခန့်မှန်းချက်
၁၀း၁၀-၄း၁၀	Midweek Sports News
၁၀း၂၅-၄း၂၅	တေးဂီတအစီအစဉ်
၁၀း၃၀-၄း၃၀	မြတ်နိဗ္ဗာန်သို့သွားရာ အေးချမ်းသာယာ စန္ဒကူးမြိုင်ရိပ်သာ
၁၁း၀၅-၅း၀၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၁၅-၅း၁၅	အမျိုးသားများတွင် အဖြစ်များသော ကင်ဆာရောဂါများ (အသံအိုး ကင်ဆာ၊ အဆုတ်ကင်ဆာ) (ဒေါက်တာသီတာစန်း)
၁၁း၂၅-၅း၂၅	တေးဂီတအစီအစဉ်
၁၁း၃၀-၅း၃၀	စပါးသုတေသန ပြုလုပ်နေမှုများ
၁၂း၀၀-၆း၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၀၅-၆း၀၅	တေးဂီတအစီအစဉ်
၁၂း၁၀-၆း၁၀	ကိတ်မုန့်ပေါ်က အနုလက်ရာ
၁၂း၃၀-၆း၃၀	တေးဂီတအစီအစဉ်
၁၂း၃၅-၆း၃၅	International Video Topics ပါရီမြို့တော်
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Champions League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း	
၁း၃၀	Arsenal-AC Milan	Star Sports	(LIVE)
၂း၀၀	Lyonnais- Man Utd	ESPN	(LIVE)
၄း၃၀	Celtic-Barcelona	ESPN	(SDD)

အထက (၆)ဗိုလ်တထောင်(စိန့်ပေါလ်)အာစရိယပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ဗိုလ်တထောင် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း ယခင်(စိန့်ပေါလ်)ကျောင်း၏ ဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို မတ် ၂ရက် (တောင်သူလယ်သမားနေ့)တွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ ၁၉၆၅မှ ၁၉၈၀ပြည့်အထိ ဆရာ၊ဆရာမများအားလုံးနှင့် ၁၉၈၁မှ၂၀၀၇ခုနှစ်အထိ သက်ပြည့်အငြိမ်းစား ဆရာ၊ဆရာမများ၊ ကျောင်းသားဟောင်းများအားလုံး ပူဇော်ပွဲသို့ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့်လှူဖွယ်ပစ္စည်းများ လှူဒါန်းလိုသူများသည် ဦးမောင်မောင်အေး ဖုန်း-၂၂၇၃၂၂၊ ဦးလှအောင်တစ်ဆင့်ဖုန်း-၂၉၀၀၆၄၊ ဦးတေဇာအောင်လွင် ဖုန်း-၃၉၂၃၁၈၊ ဦးတော်မီတင်ဦး ဖုန်း-၃၈၈၇၉၆၊ ဦးရန်နောင်စိုး ဖုန်း-၂၀၁၇၆၂နှင့် ဦးဝီလျံကို ဖုန်း-၀၉-၅၁-၈၈၂၂၄၊၂၄၃၂၅၅တို့သို့ဆက်သွယ်နိုင်ကြောင်း သိရသည်။(က-ပ)

အမှတ်၄၈ ဆရာစံလမ်း ဗဟန်းမြို့နယ်နေ ဒေါက်တာ ဦးမြင့်စွမ်း-ဒေါ်သန်းသန်းရီတို့က ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ငွေကျပ် ၁၀သိန်းတန်ဖိုးရှိ နှလုံးကုသရာတွင် အထူးအသုံးဝင်သော Oxymeter လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးတင်မောင်ဝင်းနှင့်ဒုတိယ ဆေးရုံအုပ် ဒေါက်တာ ဦးခင်မောင်အေးတို့က လက်ခံယူစဉ်။ (က-ပ)

✡ *ရှေ့ဖုံးမှ*

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အေးမြင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူတို့ တက်ရောက်ကြပြီး ဧည့်သည်တော် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနမှ ကြည်းတပ် ဒုတိယဦးစီးချုပ် Lt. General, Evnevich Valery G ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Dr. Mikhail MGELADZEနှင့် စစ်သံမှူး Colonel, Alexander V. SVINITSOVSKIYတို့လည်း တက်ရောက်ကြသည်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနမှ ကြည်းတပ် ဒုတိယဦးစီးချုပ် Lt. General, Evnevich Valery G အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပြည်သူတို့၏ဆန္ဒနှင့်အညီ နိုင်ငံတော်တွင် ပါတီစုံဒီမိုကရေစီစနစ်ကို ဖော်ဆောင်ရန် နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ်၏ စတုတ္ထအဆင့်နှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ၂၀၀၈ခုနှစ် မေလတွင် ဆန္ဒခံယူပွဲကျင်းပ၍ အတည်ပြုမည်

✻ *ကျောဖုံးမှ*

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေဖြင့် စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ တည်ဆောက်နိုင်ရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိရာမှာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပေါ်ပေါက်ရေးဟာ မရှိမဖြစ်လိုအပ်တဲ့ လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ၂၀၀၇ ခုနှစ် အောက်တိုဘာလ (၁၈)ရက်စွဲပါ ကြေညာချက်အမှတ်(၂/၂၀၀၇)ဖြင့် အဖွဲ့ဝင် ၅၄ ဦးပါဝင်သော ဤဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းရေးဆွဲရေးကော်မရှင်ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ခြင်း ဖြစ်ပါတယ်။ ဤကော်မရှင်တွင် ပါဝင်တဲ့ အဖွဲ့ဝင်များဟာဆိုရင် မြန်မာနိုင်ငံမှာ ယခင်တည်ရှိခဲ့ဖူးတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနှစ်ရပ်စလုံးကို သိမီခဲ့သော အတွေ့အကြုံပြည့်ဝတဲ့ ပုဂ္ဂိုလ်ကြီးများ ပါဝင်သလို ပြည်တွင်း၊ ပြည်ပ ဥပဒေများကို ကျွမ်းကျင်နှံ့စပ်တဲ့ ပညာရှင်များလည်း ပါဝင်ခဲ့ကြပါတယ်။ ဒါ့အပြင် ၁၉၉၃ ခုနှစ်ကတည်းက စတင်ကျင်းပပြုလုပ်ခဲ့သော အမျိုးသားညီလာခံကြီးမှာ ပြည်သူများကို ကိုယ်စားပြုပြီး ပါဝင်တက်ရောက်ခဲ့ကြတဲ့ ကိုယ်စားလှယ် တစ်ထောင်ကျော်အနက်မှ အချို့သော ပုဂ္ဂိုလ်များလည်း ပြန်လည်ပါဝင်ခဲ့ကြပါတယ်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းရေးဆွဲရေးကော်မရှင်အနေဖြင့်–

- **ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊**
- **စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ထွန်းကားရေး၊**
- **နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေး၊**
- **နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေး ဟူသော**

ဦးတည်ချက်များကို မမိတ်မသုန် စွဲမြဲစွာခံယူလျက် အမျိုးသားညီလာခံကြီးက တညီတညွတ်တည်း ချမှတ်ထားသည့် အခြေခံရမယ့်မူများ၊ အသေးစိတ်အခြေခံရမယ့်မူများနှင့်အညီ ဤဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းကို ၂၀၀၇ ခုနှစ် ဒီဇင်ဘာလ ၃ ရက်နေ့မှစတင်ကာ ရေးဆွဲဆောင်ရွက်ခဲ့ကြပါတယ်။ အဆိုပါ အမျိုးသားညီလာခံက ချမှတ်ခဲ့သော အခြေခံမူများနဲ့ အသေးစိတ်အခြေခံရမယ့်မူများကိုလည်း အမျိုးသားညီလာခံကျင်းပစဉ် ကာလများအတွင်း ပြည်သူအများ သိရှိလေ့လာနိုင်အောင် ရုပ်မြင်သံကြား၊ ရေဒီယိုနှင့်သတင်းစာတို့တွင် အသေးစိတ် ထုတ်ပြန်ပေးခဲ့ပြီးဖြစ်ပါတယ်။ ဒါ့အပြင် အခြေခံမူများနဲ့ အသေးစိတ် အခြေခံရမယ့်မူများ အားလုံးပါဝင်တဲ့ စာအုပ်ကိုလည်း ပြည်သူများ သိရှိလေ့လာနိုင်အောင် ပုံနှိပ်ဖြန့်ချိခဲ့ပြီး ဖြစ်ပါတယ်။

ပြင်ဆင်ရေးဆွဲ

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းရေးဆွဲရာတွင် ကော်မရှင်အနေဖြင့် အဖွဲ့လိုက် အစည်းအဝေးများ ပြုလုပ်၍လည်းကောင်း၊ အဖွဲ့ဝင်အားလုံးပါဝင်သည့် စုပေါင်းအစည်းအဝေးများကို ပြုလုပ်၍လည်းကောင်း အကြိမ်ကြိမ်အကြံပြု ဆွေးနွေးဆုံးဖြတ်ခဲ့ကြပြီးမှ ဥပဒေမူကြမ်းကို စိစစ် ပြင်ဆင်ရေးဆွဲခဲ့ကြခြင်း ဖြစ်ပါတယ်။

ကော်မရှင်အဖွဲ့ဝင်များဟာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းကို ရေးဆွဲရာမှာ အမျိုးသားညီလာခံက ချမှတ်ပေးထားသော အခြေခံရမယ့်မူ၊ အသေးစိတ်အခြေခံရမယ့်မူများပါ ဦးတည်ချက်၊ ရည်ရွယ်ချက်နှင့် အနှစ်သာရကို မထိခိုက်စေဘဲ ဥပဒေအသုံးအနှုန်း၊ သတ်ပုံသတ်ညွှန်း၊ နေရာအထားအသိုစသည်တို့ကို လိုအပ်သလို ပြင်ဆင်၍ ဥပဒေမူကြမ်းကို ရေးဆွဲခဲ့ကြပါတယ်။

အဖွဲ့လိုက် အစည်းအဝေးနှင့် စုပေါင်းအစည်းအဝေးများတွင်လည်း ကော်မရှင်အဖွဲ့ဝင်များက မိမိတို့တင်ပြလိုသည့် ဆန္ဒသဘောထားနှင့် အကြံပြုချက်များကို အပြုသဘောဖြင့် တက်တက်ကြွကြွ ဆွေးနွေးအကြံပြုခဲ့ကြသည်ကို တွေ့ရသဖြင့် ဝမ်းမြောက်ဂုဏ်ယူမိပါတယ်။

ရေရှည်အကျိုးရှိ

ယခုဆိုလျှင် ကော်မရှင်အဖွဲ့ဝင်အားလုံးက အတွေ့အကြုံနဲ့ အတတ်ပညာများကို အစွမ်းကုန်အသုံးချပြီး ကြိုးပမ်းဆောင်ရွက်ခဲ့ကြလို့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းကို အောင်မြင်စွာ ရေးဆွဲနိုင်ခဲ့ကြပြီး ဖြစ်ပါတယ်။ ကော်မရှင်အဖွဲ့ဝင်များအနေနဲ့ အမျိုးသားရေးခံယူချက်၊ အမျိုးသားရေး အသိစိတ်ဓာတ်အပြည့်ဖြင့် အနာဂတ်နိုင်ငံတော်အတွက် ရေရှည်အကျိုးရှိပြီး ခိုင်မာတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြစ်ထွန်းပေါ်ပေါက်လာစေရန် သမိုင်းကပေးအပ်သော တာဝန်တစ်ရပ်ကို ကျေပွန်စွာထမ်းဆောင်နိုင်ခဲ့သဖြင့် ဂုဏ်ပြုမှတ်တမ်းတင်ကြောင်း ထပ်လောင်း ပြောကြားလိုပါတယ်။

ယခုရေးဆွဲထားသော ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းသည် ကော်မရှင်အဖွဲ့ဝင်အားလုံး၏ အကြိမ်ကြိမ်ဆွေးနွေး အကြံပြုချက်များဖြင့် သဘောတူဆုံးဖြတ်ခဲ့ကြခြင်းဖြစ်၍ ဤနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ကော်မရှင်က အတည်ပြုလိုက်ကြောင်း ကြေညာအပ်ပါတယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်သူတို့၏ ဆန္ဒနှင့်အညီ နိုင်ငံတော်တွင် ပါတီစုံဒီမိုကရေစီစနစ်ကို ဖော်ဆောင်ရန်အတွက် ယခုရေးဆွဲထားသော ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအား နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ စတုတ္ထအဆင့်နှင့်အညီ ၂၀၀၈ ခုနှစ် မေလတွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပ၍ အတည်ပြုမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလ (၉) ရက်စွဲပါ ကြေညာချက်အမှတ်(၁/၂၀၀၈)ဖြင့် ထုတ်ပြန်ကြေညာထားပြီး ဖြစ်ပါတယ်။

ပါဝင်ထမ်းဆောင်

ဒါကြောင့် မကြာမီကျင်းပတော့မည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကြီးတွင် ပြည်သူအားလုံးနှင့်အတူ ကျရာအခန်းကဏ္ဍမှ တက်ကြွစွာ ပါဝင်ထမ်းဆောင်ကြပါလို့ တိုက်တွန်းမှာကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။ ။ **(သတင်းစဉ်)**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ အစည်းအဝေးသို့တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြစဉ်။ (သတင်း–ကျောဖုံး) (သတင်းစဉ်)

ကင်ညာနိုင်ငံရေး ဖြေရှင်းမှုရရှိရန် ပြင်ပအားထုတ်မှု အမှားအယွင်းအဖြစ်သာ အဖတ်တင်မည်

နိုင်ရိုဘီ ဖေဖော်ဝါရီ ၁၉

ကင်ညာနိုင်ငံ၌ နိုင်ငံရေးဖြေရှင်းမှုတစ်ရပ်ရရှိစေရန် ပြင်ပမှ မည်သို့သောကြိုးပမ်းအားထုတ်မှုမဆို အမှားအယွင်းတစ်ခုအဖြစ်သာ အဖတ်တင်မည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲအပြီး ပေါ်ပေါက်လာရသည့် အကျပ်အတည်းကို ပြေလည်အောင် ဖြေရှင်းရေးမှာ ကင်ညာပြည်သူတို့အပေါ်တွင် မူတည်နေကြောင်း ကင်ညာနိုင်ငံခြားရေး ဝန်ကြီး ဝေတန်ဂူလာက ဖေဖော်ဝါရီ ၁၇ရက်တွင် ပြောကြားလိုက်သည်။

အားပေးထောက်ခံ

ကင်ညာအရေးတွင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအန်နန်ဦးဆောင်သည့် ကြားဝင်ဆောင်ရွက်မှုကို အားပေးထောက်ခံရန် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကွန်ဒိုလီဇာရိုက်စ်သည် ကင်ညာနိုင်ငံ မြို့တော်နိုင်ရိုဘီသို့ ဖေဖော်ဝါရီ ၁၈ရက်တွင် ရောက်ရှိသည်။

ပြောကြား

တက်သုတ်ရိုက်လက်မှတ်ထိုးရသည့် အလျင်စလိုသဘောတူညီချက်များမှာ မင်မခြောက်မီ ပျက်ကုန်ကြောင်း မိမိတို့တွင် သာဓကအများအပြားရှိသည်ဟုလည်း ကင်ညာနိုင်ငံ ခြားရေးဝန်ကြီးဝေတန်ဂူလာက ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

ကင်ညာနိုင်ငံတွင်အကြမ်းဖက်မှုများဖြစ်ပွားစဉ် မိမဲ့ဖမဲ့ ဖြစ်သွားသူကလေးများကို ကူညီပေးရေးအဖွဲ့များက အစားအသောက်များ ဝေငှနေစဉ်။ (အင်တာနက်ဓာတ်ပုံ)

မြန်မာ့အလင်း

နိုင်ငံတကာ သတင်းများ

ဘ၀အမောပြေ

ခဏလေးနဲ့ အရင်းကျေပါတယ် ....

ဦးနှောက်အစားထိုးရန်လိုအပ်သဖြင့် ဦးနှောက်ရောင်းချသော ကျန်းမာရေးဆိုင်ရာ ဓာတ်ခွဲခန်းနှင့်တွဲထားသော ဆိုင်တစ်ခုသို့ ဝယ်ယူသူတစ်ဦး ရောက်ရှိလာခဲ့သည်။

ဆိုင်ရှင်။ ။ ဘာအလိုရှိပါသလဲ။
ဝယ်သူ ။ ။ ဉာဏ်ရည်မြင့်တဲ့ ဦးနှောက်တစ်လုံးလိုချင်တယ်။
ဆိုင်ရှင်။ ။ ဒါက ဘာသာရပ်ဆိုင်ရာ ပါရဂူတစ်ဦးရဲ့ ဦးနှောက်ပါ တန်ဖိုးက ဒေါ်လာ ၁၀၀၀၀၊ ဒါက နာဆာက ထိပ်တန်းသိပ္ပံပညာရှင်တစ်ဦးရဲ့ဦးနှောက်ပါ တန်ဖိုးက ဒေါ်လာ ၁၅၀၀၀၊ ဒါက ရဲတစ်ဦးရဲ့ ဦးနှောက်ပါ တန်ဖိုးက ဒေါ်လာ ၅၀၀၀၀။
ဝယ်သူ ။ ။ ရဲဦးနှောက်ကဈေးများလိုက်တာ။
ဆိုင်ရှင်။ ။ မများပါဘူး။ ခဏလေးနဲ့ အရင်းကျေပါတယ်။

ဆိုမာလီသမ္မတနန်းတော် စိန်ပြောင်းဖြင့်ပစ်ခတ်ခံရ

မိုဂါဒစ်ရှူး ဖေဖော်ဝါရီ ၁၉

ဆိုမာလီနိုင်ငံမြို့တော် မိုဂါဒစ်ရှူးရှိ သမ္မတအဗ္ဗဒူလ်လာဟီယူဆွပ်၏ နေအိမ်ကို အကြမ်းဖက်သမားများ ဖေဖော်ဝါရီ ၁၇ရက်က စိန်ပြောင်းဖြင့်ပစ်ခတ်တိုက်ခိုက်ပြီးနောက် သမ္မတမှာ ဘေးမသီရန်မခဘဲ လွတ်မြောက်သွားကြောင်း ၄င်း၏ ကိုယ်ရံတော်များက ပြောကြားသည်။

ဘေးမသီရန်မခ

သို့သော်လည်း ယင်းစိန်ပြောင်းကျည်ကျရောက်မှုကြောင့် အနည်းဆုံး ငါးဦးဒဏ်ရာရရှိသွားကြောင်း၊သမ္မတယူဆွပ်မှာမူ ဘေးမသီရန်မခဘဲ လွတ်မြောက်သွားကြောင်း၊စိန်ပြောင်းကျည်များသည် သမ္မတယူဆွပ်(**ယာပုံ**)နေထိုင်ရာ အဆောက်အအုံအား ထိမှန်နိုင်မည်မဟုတ်ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ကျရောက်ပေါက်ကွဲ

သမ္မတ၏နေအိမ်ကို စိန်ပြောင်းကျည် ငါးလုံးပစ်ခတ်ခဲ့ရာ တစ်လုံးမှာ နန်းတော်ဂိတ်ဝနား ကျရောက်ပေါက်ကွဲခဲ့သဖြင့် အမျိုးသားသုံးဦးနှင့် အမျိုးသမီးနှစ်ဦး ဒဏ်ရာရရှိသွားသည်ဟု ဆိုသည်။

ချေမှုန်းတိုက်ခိုက်

ယူဆွပ်၏ ကြားဖြတ်အစိုးရနှင့် အီသီယိုးပီးယား တပ်များသည် အကြမ်းဖက်သမားများအား လိုက်လံချေမှုန်း တိုက်ခိုက်ခဲ့သည်ဟုဆိုသည်။

အမ်အင်န်အေ၊ရိုက်တာ

ဘဂ္ဂဒက်၌ အသေခံဗုံးခွဲ လေးဦး သေဆုံး

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၉

အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒက်မြို့ အလယ်ပိုင်းတွင် ဖေဖော်ဝါရီ ၁၇ရက်က အမျိုးသမီးတစ်ဦး အသေခံဗုံးခွဲတိုက်ခိုက်မှုကြောင့် အနည်းဆုံး အီရတ်ပြည်သူသုံးဦးသေဆုံးပြီး လေးဦးဒဏ်ရာရရှိသွားခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ယင်း အမျိုးသမီးသည် ဘဂ္ဂဒက်မြို့တော် ကာရာဒါရပ်ကွက်ရှိ လျှပ်စစ်ပစ္စည်းများရောင်းချရာဆိုင်အနီးရှိ စစ်ဆေးရေးဂိတ်အနီး ၄င်းကိုယ်တွင် တပ်ဆင်လာသောဗုံးကို ဖောက်ခွဲတိုက်ခိုက်ခဲ့သည်။ ယခုလ စောစောပိုင်းတွင်လည်း လူစည်ကားရာဈေးနှစ်ခုအတွင်း အမျိုးသမီးနှစ်ဦးမှာ အသေခံဗုံးခွဲတိုက်ခိုက်မှုများဖြစ်ပွားခဲ့ပြီး ၉၉ဦး သေဆုံးခဲ့သည်။ **အမ်အင်န်အေ၊ရိုက်တာ**

ပီရူးနိုင်ငံ လီမာမြို့တော်၏တောင်ဘက် နက်ဇ်ကာမြို့တွင် ရေလွှမ်းမှုဖြစ် ပွားပြီးနောက် အပျက်အစီးများအား ဒေသခံတစ်ဦးက ရှင်းလင်းဖယ်ရှားနေသည်ကို ဖေဖော်ဝါရီ ၁၆ ရက်ကတွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဗီယက်နမ်နှင့် လာအို နှစ်နိုင်ငံနယ်ခြားမှတ်တိုင်များ စိုက်ထူမည်

ဟန်နွိုင်း ဖေဖော်ဝါရီ ၁၉

ဗီယက်နမ်နှင့်လာအိုနှစ်နိုင်ငံ နယ်စပ်တစ်လျှောက် နယ်ခြားမှတ်တိုင် ၅၉ မှတ်တိုင် စိုက်ထူသွားရန် နှစ်ဦးနှစ်ဖက်သဘောတူညီခဲ့ကြောင်း လာအိုအရာရှိများက ဖေဖော်ဝါရီ၁၈ရက်၌ ပြောကြားသည်။

ဗီယက်နမ်နှင့်လာအို နှစ်နိုင်ငံအကြား နယ်ခြားမှတ်တိုင်များ စိုက်ထူရေးစီမံကိန်းနှင့်ပတ်သက်ပြီး နှစ်နိုင်ငံကိုယ်စားလှယ်များက ဖေဖော်ဝါ၁၈ ရက်က လာအိုနိုင်ငံ၌တွေ့ဆုံဆွေးနွေးခဲ့ကြပြီးနောက် ယခုကဲ့သို့ သဘောတူညီခဲ့ကြခြင်းလည်းဖြစ်သည်။

နှစ်နိုင်ငံနယ်စပ်၌ နယ်ခြားမှတ်တိုင်ပေါင်း ၈၂၆ တိုင် စိုက်ထူသွားမည်ဖြစ်ရာ အဆိုပါလုပ်ငန်းကို ယခုနှစ်အတွင်း အပြီးဆောင်ရွက်သွားကြမည်ဖြစ်သည်။

နှစ်နိုင်ငံအကြား နယ်ခြားမှတ်တိုင်စိုက်ထူရေးဆိုင်ရာ အစည်းအဝေးသို့ ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီးဌာန အမျိုးသားနယ်ခြားရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ နယန်ဟောင်သောင်နှင့် လာအိုနိုင်ငံခြားရေးဝန်ကြီးဌာန အမျိုးသားနယ်ခြားရေးရာ ကော်မတီအကြီးအကဲ ဖူကိုဖွန်မာဗွန်ဆာတို့ တက်ရောက်ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။(အင်တာနက်)

အာဖဂန် ဒုတိယပြည်နယ် အုပ်ချုပ်ရေးမှူး တစ်ဦး ယာဉ်မတော်တဆမှုကြောင့် သေဆုံး

ကဘူးလ် ဖေဖော်ဝါရီ ၁၉

အာဖဂန်နစ္စတန်နိုင်ငံ မြောက်ပိုင်း ဘာဂါလန်ပြည်နယ် ဒုတိယ အုပ်ချုပ်ရေးမှူးရှီကာဒူလတ်မှာ ယာဉ်မတော်တဆမှုကြောင့် ဖေဖော်ဝါရီ ၁၇ရက် နံနက်ပိုင်းက သေဆုံးသွားခဲ့ကြောင်း ပြည်ထဲရေး ဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ပွဲချင်းပြီးသေဆုံး

ရှီကာဒူလတ် စီးနင်းလိုက်ပါလာသည့်ယာဉ်မှာ ဘာဂါလန်ပြည်နယ်သို့ အသွားလမ်းတွင် မျက်နှာချင်းဆိုင်မှ မောင်းနှင်လာသောယာဉ်နှင့် တိုက်မိခဲ့ပြီး အခင်းဖြစ်ပွားရာ နေရာ၌ပင် ပွဲချင်းပြီး သေဆုံးသွားခဲ့သည်။

ရှီကာဒူလတ်၏ ကိုယ်ရံတော်တစ်ဦးမှာ ပြင်းထန်စွာထိခိုက်ဒဏ်ရာရသွားခဲ့၍ နီးစပ်ရာဆေးရုံသို့တင်ပို့ပေးခဲ့သည်။

ယာဉ်တိုက်မှု ဖြစ်ပွားရသည့် အကြောင်းအရင်းကို အတိအကျထုတ်ဖော်ပြောကြားခြင်း မရှိပေ။ အာဖဂန်နစ္စတန်နိုင်ငံ မြောက်ပိုင်းပြည်နယ်များတွင် အအေးလှိုင်းကျရောက်မှုနှင့် ဆီးနှင်းများ ထူထပ်စွာကျဆင်းမှုဒဏ်ကို ခံစားရလျက်ရှိသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အန်ကာရာ ဖေဖော်ဝါရီ ၁၉

တူရကီနိုင်ငံအနောက်မြောက်ပိုင်း ကိုကေလီပြည်နယ်နှင့် အေဂီယန်ပြည်နယ်ရှိ ဒီနစ်ဇ်လီမြို့တွင် ရဲတပ်ဖွဲ့က ဘိန်းဖြူ ၇၇ကီလိုဂရမ်ကို သိမ်းဆည်းရမိခဲ့ကြောင်း အနာတိုလီယာသတင်းဌာနက ဖေဖော်ဝါရီ ၁၅ ရက်၌ သတင်း ထုတ်ပြန်သည်။

တူရကီ၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

ယင်းနိုင်ငံ၏ အကြီးဆုံးမြို့တော် အစ္စတန်ဘူလ်တည်ရှိရာ ကိုကေလီပြည်နယ်ရှိ ဂတ်ဘ်ဇီမြို့မှ အစ္စတန်ဘူလ်မြို့သို့ ဦးတည်မောင်းနှင်လာသော ကားတစ်စီးကို ရဲတပ်ဖွဲ့က သတင်းအရ ရပ်တန့်ရှာဖွေရာ ဘိန်းဖြူကီလိုဂရမ် ၅၀ကို သိမ်းဆည်းရမိခဲ့သည်။

ထိုအတောအတွင်း ဒီနစ်ဇ်လီမြို့တွင် ရဲတပ်ဖွဲ့ကကားတစ်စီးအတွင်းမှဘိန်းဖြူ ၂၇ ကီလိုဂရမ်ကို သိမ်းဆည်းရမိခဲ့ပြီး ယင်းဘိန်းဖြူ သိမ်းဆည်းရမိမှုဖြင့် မသင်္ကာသူသုံးဦးကို ဖမ်းဆီးထိန်းသိမ်းခဲ့သည်။ ထို့အပြင် ယင်းနိုင်ငံအရှေ့တောင်ပိုင်း မာဒင်ပြည်နယ်တွင် ရဲတပ်ဖွဲ့က ဆေးခြောက် ၉ ကီလိုဂရမ်ကို သိမ်းဆည်းခဲ့ပြီး ငါးဦးကို ဖမ်းဆီးထိန်းသိမ်းခဲ့သည်။

တူရကီနိုင်ငံသည် အာရှမှမူးယစ်ဆေးဝါးများကို အရှေ့အလယ်ပိုင်းမှတစ်ဆင့် အနောက်ဥရောပရှိဈေးကွက်သို့ မှောင်ခိုရောင်းဝယ်ရေးအတွက် ဖြတ်သန်းသယ်ဆောင်ရာ ကြားခံနိုင်ငံဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုးနှင့် ချစ်စိုးနိုင်

မြန်မာ့အလင်း **နိုင်ငံတကာမှခင်းဖြစ်ရပ်**

ကံကြမ္မာရယ် ဖန်လာပုံဆန်းကြယ်

ချစ်စိုးနိုင် ကိုးကားရေးဖွဲ့သည်

ရီနိုမြို့ကလေးသည် အမေရိကန်နိုင်ငံ အနောက်ပိုင်းရှိ တောင်ထူထပ်သော နီဗားဒါးပြည်နယ်တွင် တည်ရှိပြီး လူဦးရေ နှစ်သိန်းကျော်သာနေထိုင်သော မြို့လေးဖြစ်သည်။ ယင်းမြို့တွင် နေထိုင်သော အသက် ၁၉နှစ်အရွယ်ရှိ ကောလိပ်ကျောင်းသူလေး ဘရိုင်ယန်နာဒီနီဆန်သည် ၂၀၀၈ခုနှစ် ဇန်နဝါရီ ၂၀ ရက် စောစောပိုင်းက ရီနိုမြို့အနီးရှိ နီဗားဒါးတက္ကသိုလ်အနီးတွင် နောက်ဆုံးတွေ့ရှိခဲ့ရပြီးနောက် ပြန်ပေးဆွဲခံခဲ့ရကာ ပျောက်ဆုံးသွားခဲ့သည်။ ယင်းသို့ ပျောက်ဆုံးသွားခဲ့မှုကြောင့် ဒီနီဆန်၏ အသိုင်းအဝိုင်းနှင့် ဒေသခံများသည် ဖြေမဆည်နိုင်အောင် ခံစားခဲ့ကြရသည်။ သမီးလေးဒီနီဆန်၏ အကြောင်းကို ပြန်တွေးမိတိုင်း မိဘနှစ်ပါးမှာ အတိုင်းအဆမရှိအောင် ယူကျုံးမရ ဖြစ်ခဲ့ရသည်။

ဘရိုင်ယန်နာဒီနီဆန်။

အချစ်တုံးကလေး

ရီနိုမြို့မှ ကုန်သည်များဖြစ်ကြသော ဂျက်ဖရီဒီနီဆန်နှင့် ဘရစ်ဂက်တီဒီနီဆန်တို့သည် ၁၉၈၈ ခုနှစ် မတ် ၂၉ ရက်တွင် ၎င်းတို့ရင်သွေးသမီးရတနာ ဘရိုင်ယန်နာဒီနီဆန်ကို မွေးဖွားခဲ့သည်။ ဂျက်ဖရီနှင့် ဘရစ်ဂက်တီတို့ မိသားစု အသိုင်းအဝိုင်းတစ်ခုလုံးတွင် ဘရိုင်ယန်နာသည် တစ်ဦးတည်းသော မိန်းကလေးဖြစ်သကဲ့သို့ အသိုင်းအဝိုင်း တစ်ခုလုံး၏ အချစ်တုံးကလေး ဖြစ်ခဲ့သည်။

ရိုသေလေးစား

ဘရိုင်ယန်နာသည် တစ်ဦးတည်းသော သမီးကလေးဖြစ်သော်လည်း လိမ္မာရေးခြားရှိကာ ပညာကြိုးစားသူဖြစ်သည်။ ထို့ကြောင့် သူမ အသက် ၁၉နှစ်အရွယ်တွင် ကယ်လီဖိုးနီးယားပြည်နယ် ဆန်တာဘာဘရာမြို့ရှိ ကောလိပ်တွင် ဒုတိယနှစ်ကျောင်းသူကလေးဖြစ်နေပေပြီ။ မိဘများအပေါ်တွင် အခွင့်အရေးယူကာ ဆိုးသွမ်းမိုက်မဲသူ တစ်ဦးမဟုတ်ပေ။ ကျောင်းအားချိန်တွင် မိဘများ၏ အရောင်းအဝယ်လုပ်ငန်းတွင် ဝင်ရောက်ကူညီလုပ်ကိုင်လေ့ရှိသူဖြစ်သည်။ မိဘများအပေါ်တွင် ရိုသေလေးစားပြီး အလိုက်သိသူ သမီးလိမ္မာလေးအား မိဘနှစ်ပါးကသာမက သူ့အသိုင်းအဝိုင်းတစ်ခုလုံးက အချစ်ပိုခဲ့ကြသည်မှာ အဆန်းမဟုတ်ပေ။

ချစ်မဝနိုင်

မိဘဟူသည်မှာ သားသမီးကို မည်သည့်အရွယ်သို့ ရောက်နေစေကာမူ သူတို့၏ မျက်စိထဲတွင် ကလေးကဲ့သို့ မြင်ကာ ချစ်မဝနိုင်ကြသူများ ဖြစ်ကြသည်။ ထိုအထဲတွင် ဘရိုင်ယန်နာဒီလီဆန်၏ မိဘနှစ်ပါးဖြစ်ကြသော ဂျက်ဖရီဒီနီဆန်နှင့် ဘရစ်ဂက်တီဒီနီဆန်တို့လည်း ပါဝင်လေသည်။

နှောင့်နှေးခဲ့ရ

ဒီနီဆန် ပျောက်ဆုံးသွားသော ၂၀၀၈ခုနှစ် ဇန်နဝါရီ ၂၀ ရက် စောစောပိုင်း ကတည်းက ဂျက်ဖရီနှင့် ဘရစ်ဂက်တီတို့၏ ရင်ဝယ် သမီးအတွက် အပူမီးတောက်လောင်ကာ သောကမုန်တိုင်း ထန်ခဲ့ရသည်။ ပြန်တွေ့နိုင်လိုတွေ့နိုင်ငြား နေ့စဉ်သမီးပျောက်ရှာပုံတော်ဖွင့်ရသည်မှာအမောပင်။ ရာပေါင်းများစွာသော ဒေသခံ စေတနာ့ဝန်ထမ်းများကလည်း ဒီနီဆန် ရှိနိုင်မည်ဟု ထင်ရသည့် ရီနိုမြို့တွင်း၊ မြို့ဝန်းကျင်နှင့် အီလက်ထရွန်နစ် လောင်းကစားရုံများ ပါမကျန် နေ့စဉ်နှင့်အမျှ လိုက်လံရှာဖွေခဲ့ကြသည်။ လွန်ခဲ့သည့် ရက်သတ္တပတ်အနည်းငယ်ကတည်းက ဆီးနှင်းများ အဆက်မပြတ် ကျဆင်းခဲ့မှုကြောင့် ဘရိုင်ယန်နာကို ရှာဖွေရေးလုပ်ငန်းမှာ ဖင့်နွှေးခဲ့ရသည်။

စစ်ဆေးမှုပြုလုပ်

မိဘနှစ်ပါး၏ သမီးပျောက်ရှာပုံတော်ဇာတ်လမ်းမှာ ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက် မွန်းတည့်ချိန်တွင် သူတို့နေထိုင်ရာ အိမ်မှ ရှစ်မိုင်ခန့်ဝေးသော ဘရိုင်ယန်နာအား နောက်ဆုံးတွေ့ရှိရာ နီဗားဒါးတက္ကသိုလ်ဝန်းကျင်ရှိ ချုံနွယ်ပိတ်ပေါင်းထူထပ်သည့် ကွင်းထဲတွင် သေဆုံးနေသည့် အမျိုးသမီးအလောင်းကို တွေ့ရှိပြီးနောက် တစ်ခန်းရပ်သွားတော့သည်။ အကြောင်းမှာ ယင်းအမျိုးသမီးအလောင်းကို ဒီအင်န်အေ စစ်ဆေးမှု ပြုလုပ်ပြီးနောက် ၎င်းတို့ပျောက်ဆုံးနေသည့် သမီး ဘရိုင်ယန်နာဖြစ်နေကြောင်း သိရှိခဲ့ရသောကြောင့်ပင်ဖြစ်သည်။

ရက်ချိုးဖျက်ဆီး

ဘရိုင်ယန်နာသည် အဓမ္မပြုကျင့်ခံထားရသည့်ပုံစံရှိနေပြီး လည်ပင်းညှစ်ခံရကာ ရက်စက်စွာအသတ်ခံထားရသည်ကို တွေ့ရှိခဲ့ရသည်။ သမီးအားပြန်လည်တွေ့ရှိမည်ဟု ထင်ထားသည့် မိဘနှစ်ပါး၏ မျှော်လင့်ချက်ကို ယင်းသို့ တွေ့ရှိမှုက ရက်ချိုးဖျက်ဆီးပစ်ခဲ့သည်။

တွေ့ရှိခဲ့

ဘရိုင်ယန်နာ အသတ်ခံရမှုသည် အဓမ္မမှု အပေါ်တွင် အခြေခံနေကြောင်း ရဲအဖွဲ့က ကောက်ချက်ချခဲ့သည်။ ကယ်လီဖိုးနီးယားပြည်နယ် ဆန်တာဘာဘရာမြို့ရှိ ကောလိပ်တွင် တက်ရောက်နေသော ဘရိုင်ယန်နာသည် နှင်းမုန်တိုင်း ကျရောက်မှုကြောင့် ကောလိပ်ပိတ်ထားချိန်တွင် ဇာတိမြို့ရီနိုသို့ ပြန်လည်နေထိုင်စဉ်အတွင်း ထိုကဲ့သို့ အသတ်ခံရခြင်းဖြစ်သည်။ ဘရိုင်ယန်နာကို နီဗားဒါးတက္ကသိုလ်နှင့် ကပ်လျက်တွင် သူ၏သူငယ်ချင်းငှားနေသောအိမ်ရှိ ကွပ်ပျစ်ပေါ်တွင် အိပ်ပျော်နေသည်ကို တွေ့ရှိခဲ့ရခြင်းမှာ နောက်ဆုံးဖြစ်သည်ဟု ဆိုသည်။

လွတ်မြောက်နေ

ဘရိုင်ယန်နာကို သတ်သူမှာ ရီနိုမြို့အနီးဝန်းကျင်တွင် အဓမ္မမှုများကို ကျူးလွန်ပြီး လွတ်မြောက်နေသူ အဓမ္မသမားဟု ရဲအဖွဲ့က ယူဆခဲ့ကြသည်။ ယင်းအဓမ္မသမားသည် ၂၀၀၇ခုနှစ် နှောင်းပိုင်းက နီဗားဒါး တက္ကသိုလ်အနီးတွင် အမျိုးသမီးနှစ်ဦးကို အဓမ္မမှုကျူးလွန်ခဲ့သော်လည်း မည်သူမှန်းမသိသကဲ့သို့ ဖမ်းဆီးရမိခြင်းလည်း မရှိဘဲ လွတ်မြောက်နေခဲ့သူဖြစ်သည်။ ပထမအမှုတွင် ယင်းတက္ကသိုလ်ရှိ ရဲများ ကားထိုးရာ ဂိုဒေါင်ဟောင်းအတွင်း၌ ယင်းအဓမ္မသမားသည် အမျိုးသမီးကို သေနတ်ဖြင့်ထောက်၍ ပြစ်မှု ကျူးလွန်ခဲ့သည်ဟု ဆိုသည်။ သတင်းပေးတစ်ဦး၏ အဆိုအရ ယင်းအဓမ္မသမား၏ကားကို ဘရိုင်ယန်နာဒီနီဆန်၏အလောင်းတွေ့ရှိရာ နေရာရှိ ဆက်သွယ်ရေးရေဲယာတိုင် အနီးတွင် တွေ့ရှိခဲ့ရသည်ဟု ဆိုသည်။

ဆင်ခြင်သင့်

ဘရိုင်ယန်နာဒီနီဆန်သည် သူ၏ လုံခြုံရေးကို သတိလက်လွတ်ဖြစ်ခဲ့သည့်အတွက် အဓမ္မသမား၏ သားကောင် ဖြစ်သွားရသည်ကို သတိပြုဆင်ခြင်သင့်ပြီး ဘရိုင်ယန်နာ ဒီနီဆန်၏ ကံကြမ္မာက ဖန်လာပုံ ဆန်းကြယ်ဟူသော မှုခင်းဖြစ်ရပ် အဖြစ် ရေးသား ဖော်ပြလိုက်ရပါကြောင်း။ ။

မိဘများအပေါ်တွင် ရိုသေလေးစားပြီး အလိုက်သိသူ သမီးလိမ္မာလေးအား မိဘနှစ်ပါးကသာမက သူ့အသိုင်းအဝိုင်း တစ်ခုလုံးက အချစ်ပိုခဲ့ကြ။

အီရတ်စစ်ပွဲကြောင့် ပြည်သူလေးသန်း ထွက်ပြေးခဲ့ရ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၉

အမေရိကန်ဦးဆောင်သောတပ်များက ကျူးကျော်တိုက်ခိုက်မှုကြောင့် အီရတ်ပြည်သူ လေးသန်းခန့်သည် နေအိမ်များကို စွန့်ခွာ၍ ထွက်ပြေးခဲ့ရသည်။

ဒုက္ခသည်စခန်းများ၌ ရှိနေသော အီရတ်ပြည်သူလေးသန်းသည် လုံခြုံရေးအခြေအနေပေါ်မူတည်၍ နေအိမ်များသို့ ပြန်နိုင်တော့မည်ဖြစ်ကြောင်း ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ ထိပ်တန်းပုဂ္ဂိုလ်တစ်ဦးက အရိပ်အမြွက် ပြောကြားသည်။

ထွက်ပြေး

အီရတ်နိုင်ငံအတွင်း အမေရိကန် ကျူးကျော်တိုက်ခိုက်မှုကြောင့် ပြည်သူအများ ထွက်ပြေးခဲ့ရာ ပြည်ပသို့ထွက်ပြေးသူပေါင်း နှစ်သန်းရှိကြောင်း၊ အီရတ်နိုင်ငံအတွင်း ဒုက္ခသည်များစခန်း၌ နှစ်သန်းရှိကြောင်း သိရသည်။

အီရတ်နိုင်ငံ၌ ဒီဇင်ဘာလက လုံခြုံရေးအခြေအနေ ဆိုးရွားနေသဖြင့် ဒုက္ခသည်စခန်းများမှ ပြည်သူများ နေအိမ်များသို့ မပြန်နိုင်ဘဲ ဖြစ်ခဲ့ရသည်ဟု ဆိုသည်။

တစ်သန်းခန့်

အီရတ်မှ ထွက်ပြေးလာသော ဒုက္ခသည်များသည် ဆီးရီးယားနိုင်ငံ၌ တစ်သန်းခန့်ရှိပြီး ဂျော်ဒန်နိုင်ငံ၌ တစ်သန်းခန့်ရှိကြောင်း ယူအင်န်အိတ်ချ်စီအာရ်ရုံးမှ တာဝန်ရှိသူများက ပြောကြားသည်။ **(အင်တာနက်)**

လှုပ်လှုပ်ရှားရှား အင်တာနက် ပုံရိပ်များ

ရေခဲပြင်အတွင်းပိတ်မိ

ပြင်သစ်နိုင်ငံတောင်ပိုင်း ကမ်းလွန်ရှိ အတ္တလန္တိတ်သမုဒ္ဒရာတွင် ဖေဖော်ဝါရီ ၁၈ ရက်က သင်္ဘောတစ်စင်း ရေခဲပြင်အတွင်း ပိတ်မိနေသည့် မြင်ကွင်းကို ဤသို့ တွေ့ရသည်။

(အင်တာနက်ဓာတ်ပုံ)

ချီလီ၌ ကားလမ်းများ ရေလွှမ်း

ချီလီနိုင်ငံ ဆန်တီယာဂိုမြို့၌ ဖေဖော်ဝါရီ၁၈ရက်က မိုးသည်းထန်စွာ ရွာသွန်းပြီး မော်တော်ကားလမ်းများ ရေလွှမ်းကာ မော်တော်ယာဉ်များ ရေနစ်မြုပ်နေသည့်မြင်ကွင်း တစ်စိတ်တစ်ဒေသ။

(အင်တာနက်ဓာတ်ပုံ)

သတင်းမှပေးသော အသိနှင့် သတိပြုဖွယ်

အပျော်လွန် ဆိုင်ကယ်စီးပါလျှင် ...

ဥရုဂွေးနိုင်ငံ မွန်တီဗီဒီယိုမြို့၌ ဖေဖော်ဝါရီ ၁၈ ရက်က လူငယ်နှစ်ဦး သေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့သည့် ယာဉ်တိုက်မှုဖြစ်ပွားခဲ့ကြောင်း မွန်တီဗီဒီယိုမြို့ ရဲတပ်ဖွဲ့က ပြောကြားသည်။

ဖြစ်ပွားမှုမှာ အသက် ၁၈ နှစ်အရွယ် မက်ကီအမည်ရှိ လူငယ်တစ်ဦး မောင်းနှင်သော ဆိုင်ကယ်ပေါ်၌ သူ၏ရွယ်တူ သူငယ်ချင်းသုံးဦးတို့က စုပေါင်းစီးနင်းလာရာ ဆိုင်ကယ်သည် ဟန်ချက်မထိန်းနိုင်ဘဲ မျက်နှာချင်းဆိုင်မှ အရှိန်ပြင်းစွာ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးနှင့် တိုက်မိခဲ့ရာမှ မက်ကီအပါအဝင် နှစ်ဦးသေဆုံးပြီး ကျန်လူငယ်နှစ်ဦးမှာ ဆေးရုံသို့ အရေးပေါ်တင်ပို့လိုက်ရခြင်း ဖြစ်သည်။

ထို့ကြောင့် ဆိုင်ကယ်စီးရာတွင် အပျော်သဘောဖြင့် သတ်မှတ်ဦးရေ ကျော်လွန်တင်ဆောင်မောင်းနှင်မှုမှာ အန္တရာယ်ကြီးမားကြောင်း ဤသတင်းက ဖော်ညွှန်းပြနေသည်။ ။

မောင်မောင်မြင့်ဆွေ

ဟီလာရီနှင့်အိုဘားမား တက္ကဆက်သဘောထားစစ်တမ်း တစ်ဌာနနှင့်တစ်ဌာန ကွဲပြားခြားနားမှုရှိနေ

ဝါရှင်တန် ဖေဖော်ဝါရီ ၁၉

အမေရိကန်သမ္မတ ရွေးကောက်ပွဲအတွက် ဖေဖော်ဝါရီ ၁၉ရက်တွင် ဒီမိုကရက်တစ်ပါတီ ကိုယ်စားပြုသူများအတွက် ဟာဝိုင်ယီ အကြိုရွေးကောက်ပွဲနှင့် ဒီမိုကရက်တစ်ရော ရီပတ်ဘလီကင်ပါ အသီးသီးကိုယ်စားပြုသူများအတွက် ဝါရှင်တန်နှင့် ဝစ္စကွန်ဆင် ပြည်နယ် အကြိုရွေးကောက်ပွဲများ ပြုလုပ်သည်။

များစွာလိုသေး

ဒီမိုကရက်တစ်ပါတီကိုယ်စားပြု ယှဉ်ပြိုင်ရေးတွင် အထက်လွှတ်တော်အမတ် ဟီလာရီကလင်တန်နှင့် အထက်လွှတ်တော်အမတ် အိုဘားမားတို့နှစ်ဦးမှာ ပါတီညီလာခံကိုယ်စားလှယ် ရရှိမှုများစွာ မပြတ်သေးသည့်အပြင် ပါတီကိုယ်စားပြု သမ္မတလောင်းဖြစ်ရေးအတွက် ပါတီညီလာခံကိုယ်စားလှယ် သတ်မှတ်ဦးရေ ရရှိရန်လည်း များစွာလိုသေးသည်။

နီးကပ်နေ

ရီပတ်ဘလီကင်ပါတီကိုယ်စားပြု ယှဉ်ပြိုင်ရေးတွင် အထက်လွှတ်တော်အမတ် ဂျွန်မက်ကိန်းသည် ရှေ့မှအပြတ်ပြေးနေပြီး သတ်မှတ် ညီလာခံ ကိုယ်စားလှယ်ရရန်လည်း နီးကပ်နေပြီဖြစ်သည်။

ကွဲလွဲမှုရှိ

ထိုအထဲတွင် ဒီမိုကရက်တစ်ပါတီမှ ဟီလာရီနှင့်အိုဘားမားတို့နှစ်ဦး မတ်လ ၄ရက်တွင် ယှဉ်ပြိုင်ကြမည့် တက္ကဆက်ပြည်နယ် အကြိုရွေးကောက်ပွဲနှင့်ပတ်သက်၍ မဲဆန္ဒရှင်များအား ကြိုတင်မေးမြန်း သဘောထား ရယူထားချက်များ ထုတ်ပြန်ရာတွင် ကွဲလွဲမှုများရှိနေသည်ကို တွေ့ရပြန်သည်။

ဖော်ပြထား

တက္ကဆက်ပြည်နယ်တွင် ဟီလာရီက ၅၄ရာခိုင်နှုန်း၊ အိုဘားမားက ၃၈ရာခိုင်နှုန်း ထောက်ခံမှုရမည်ဟု ရက်စ်မတ်ဆင် သဘောထား စစ်တမ်းက ဖော်ပြထားသည်။ သို့သော် အေအာရ်ဂျီသဘောထားစစ်တမ်းကမူ ထိုတက္ကဆက်ပြည်နယ် အကြိုရွေးကောက်ပွဲအတွက်ပင် အိုဘားမားက ၄၈ရာခိုင်နှုန်းနှင့် ဟီလာရီက ၄၂ရာခိုင်နှုန်း ထောက်ခံမှုရမည်ဟု ဖော်ပြထားကြောင်း တွေ့ရသည်။

(အင်တာနက်)

တက္ကဆက်ပြည်နယ်အကြိုရွေးကောက်ပွဲအတွက် စည်းရုံးဟောပြောနေသည့် အိုဘားမား။

အကြမ်းဖက်မှု စိုးရိမ်နေသည့်ကြားမှ ပါကစ္စတန်ရွေးကောက်ပွဲစတင်ကျင်းပ

အစ္စလာမ္မာဘတ် ဖေဖော်ဝါရီ ၁၉

ပါကစ္စတန်နိုင်ငံတွင် နိုင်ငံရေးဆိုင်ရာ အကြမ်းဖက်မှုနှင့် စိုးရိမ်ခြောက်လှန့်မှုများကြားမှ ရွေးကောက်ပွဲကို ဖေဖော်ဝါရီ ၁၈ရက်က စတင်ကျင်းပခဲ့သည်။

အဆိုပါ ပါလီမန်ရွေးကောက်ပွဲသည် အတိုက်အခံ ခေါင်းဆောင် ဘာနာဇီယာဘူတို လုပ်ကြံခံရပြီးနောက် ရက်ရွှေ့ဆိုင်းထားရာမှ ပြန်လည်ကျင်းပခဲ့ခြင်း ဖြစ်ကြောင်း၊ အရပ်ဘက် အုပ်ချုပ်ရေးသို့ အသွင်ကူးပြောင်းရန် ရည်ရွယ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

သမ္မတမူရှာရက်ဖ်၏မိတ်ဆွေများက မဲလိမ်ရန်စီစဉ်ခဲ့ကြောင်း အဓိက အတိုက်အခံပါတီနှစ်ခုက ပြောကြားသည်။ ယင်းပါတီများက သံသယရှိသော ရွေးကောက်ပွဲဖြစ်လာလျှင် ဆန့်ကျင်ဆန္ဒပြသွားရန် သန္နိဋ္ဌာန်ချထားသည်ဟု ဆိုသည်။

ဖေဖော်ဝါရီ ၁၆ရက်က ပါကစ္စတန်နိုင်ငံ၌ ၄၇ဦး သေဆုံးခဲ့ရာ အဆိုးရွားဆုံး အကြမ်းဖက်မှုကြီး ဖြစ်ပွားခဲ့သည်။

ရွေးကောက်ပွဲကို ပါကစ္စတန်နိုင်ငံ၏ အဓိကမြို့ကြီးများ၌ ကျင်းပလျက်ရှိသည်။ ယင်းနိုင်ငံတွင် မဲပေးနိုင်သူ ပေါင်းသန်း ၈၀ရှိသော်လည်း အကြမ်းဖက်တိုက်ခိုက်မှုကို စိုးရိမ်နေကြသဖြင့် ပြည်သူတချို့တစ်ဝက်သာ မဲပေးကြသည်ဟု သတင်း၌ ဖော်ပြသည်။

ပါကစ္စတန်နိုင်ငံ ကရာချိမြို့၌ ပါကစ္စတန်ရွေးကောက်ပွဲအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များ စောင့်ကြပ်နေသည်ကို ဖေဖော်ဝါရီ ၁၈ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ရွေးကောက်ပွဲစတင်ကျင်းပသည့် ဖေဖော်ဝါရီ ၁၈ရက်နေ့ ရလဒ်များအရ အတိုက်အခံဖြစ်သည့် နာဝပ်ရှာရစ်၏ ပီအမ်အယ်လ်-အင်န်ပါတီနှင့် ဘာနာဇီယာဘူတို၏ ပီပီပီပါတီက ဦးဆောင်လျက်ရှိကြောင်း သိရသည်။

(အင်တာနက်)

ဆိုက်ပရပ်စ်သမ္မတရွေးကောက်ပွဲ သဘောထားပျော့ပျောင်းသူများ မဲပိုရ

နီကိုရှား ဖေဖော်ဝါရီ ၁၉

ဆိုက်ပရပ်စ်တောင်ပိုင်း၌ သမ္မတရွေးကောက်ပွဲတွင် ဆန္ဒမဲများ ၉၀ရာခိုင်နှုန်းခန့် ရေတွက်အပြီးတွင် လက်ရှိဆိုက်ပရပ်စ်သမ္မတ ပါပန်ဒရီယို ရှုံးနိမ့်ကာ သူ၏ငါးနှစ်ကြာ သမ္မတရာထူးလည်း အဆုံးသတ်သွားသည်။

ထောက်ခံမဲရရှိ

ရွေးကောက်ပွဲတွင် လက်ယာဂိုဏ်း ဒီအိုင်အက်စ်ဝိုင်ပါတီဝင် နိုင်ငံခြားရေးဝန်ကြီးဟောင်းက ၃၃ဒသမ ၅၁ရာခိုင်နှုန်း၊ ကွန်မြူနစ်ပါတီခေါင်းဆောင် ခရစ္စတိုဖီယက်က ၃၃ ဒသမ ၂၉ရာခိုင်နှုန်းနှင့် သမ္မတ ပါပန်ဒရီယိုက ၃၁ဒသမ ၇၉ရာခိုင်နှုန်း ထောက်ခံမဲ အသီးသီးရရှိသည်။

ရွေးချယ်လိုက်ခြင်းဖြစ်

၁၉၇၄ ခုနှစ်ကတည်းက မြောက်ပိုင်း တူရကီဆိုက်ပရပ်စ်နှင့် တောင်ပိုင်း ဂရိဆိုက်ပရပ်စ် ဟူ၍ နှစ်ပိုင်းကွဲခဲ့သည့် ဆိုက်ပရပ်စ်နိုင်ငံ ပြန်လည် ပေါင်းစည်းရေးတွင် သမ္မတပါပန်ဒရီယိုမှာ သဘောထား တင်းမာသူ ဖြစ်သည်။ ထို့ကြောင့် မဲဆန္ဒရှင်ပြည်သူများက ပြန်လည်ပေါင်းစည်းရေးအတွက် သဘောထား ပျော့ပျောင်းသူတို့ကို ရွေးချယ်လိုက်ကြောင်း ပြသလိုက်ခြင်းဖြစ်သည်။

ယှဉ်ပြိုင်အရွေးခံ

လာမည့်ဖေဖော်ဝါရီ ၂၄ရက်တွင် မဲအများဆုံးရသူနှစ်ဦးတို့ ထပ်မံ၍ ယှဉ်ပြိုင်အရွေးခံကြရဦးမည် ဖြစ်သည်။ ဆိုက်ပရပ်စ် နှစ်ခြမ်းပေါင်းစည်းရန် အလားအလာတို့ ရှိလာသည်။

(အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ထိုင်းတောင်ပိုင်းကျေးရွာသုံးရွာအား တပ်ဖွဲ့ဝင်များ စီးနင်းတိုက်ခိုက်

ဗန်ကောက် ဖေဖော်ဝါရီ ၁၉

ထိုင်းနိုင်ငံတောင်ပိုင်း နာရာသီဝပ် ပြည်နယ်၌ ဖေဖော်ဝါရီ၁၈ရက်က ထိုင်းတပ်ဖွဲ့ဝင်များနှင့်ရဲတပ်ဖွဲ့ဝင်များက ကျေးရွာ သုံးရွာကို ဝင်ရောက်စီးနင်းကာ လက်နက်ကိုင် တိုက်ခိုက်ရေးသမားများဟု သံသယရှိသူများအား ဖမ်းဆီးခဲ့ကြောင်း ထိုင်းရဲတပ်ဖွဲ့က ပြောကြားသည်။

ဖမ်းဆီးနိုင်ခဲ့

ထိုင်းတပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့ဝင်စုစုပေါင်း ၁၀၀ကျော်တို့က အဆိုပါ ကျေးရွာ သုံးရွာကို ဝင်ရောက် စီးနင်းရာတွင် ခုခံတိုက်ခိုက်မှုအချို့နှင့် ကြုံတွေ့ခဲ့ကြောင်း၊ သို့သော် လက်နက်ကိုင် တိုက်ခိုက်ရေးသမားဟု သံသယရှိသူများအား ဖမ်းဆီးနိုင်ခဲ့ကြောင်း ၎င်းတို့က ပြောကြားသည်။

ထိုကျေးရွာများမှာ နာရာသီဝပ် ပြည်နယ် ဆူစီကိုလော့ခ်ခရိုင် အတွင်းရှိ ရွာများဖြစ်ပြီး လက်နက်ကိုင်တိုက်ခိုက်ရေးသမားများ ခိုအောင်းရာနေရာများ ဖြစ်ကြောင်း ထိုင်းရဲတပ်ဖွဲ့ဝင်များကပြောကြားသည်။

(အင်တာနက်)

စစ်သွေးကြွတို့က ဒုံးကျည်ဖြင့်ပစ်ခတ် အစ္စရေးက ပါလက်စတိုင်း ၈၀ခန့် ဖမ်းဆီး

တဲလ်အဗစ် ဖေဖော်ဝါရီ ၁၉

အစ္စရေးတပ်ဖွဲ့ဝင်များ ဂါဇာကမ်းမြောင်အတွင်း မြေပြင်စစ်ဆင်ပြီးနောက် စုံစမ်းမေးမြန်းရန် ပါလက်စတိုင်း ၈၀ခန့်ကို ခေါ်ဆောင်လာကြောင်း အစ္စရေး စစ်ဘက်က ကြေညာသည်။

ဒဏ်ရာရ

အစ္စရေးတပ်ဖွဲ့ဝင်များ ဖေဖော်ဝါရီ ၁၇ရက် နံနက်က ဝင်ရောက်စဉ် စစ်သွေးကြွအနည်းဆုံး သုံးဦးအပါအဝင် ပါလက်စတိုင်း လေးဦးသေဆုံးပြီး အစ္စရေးတပ်ဖွဲ့ဝင်တစ်ဦး ပြင်းထန်စွာ ဒဏ်ရာရသွားသည်။

ပိုမိုများပြား

ဂါဇာကမ်းမြောင်မှ အစ္စရေးနိုင်ငံအတွင်း ဒုံးကျည်ဖြင့် ပါလက်စတိုင်းတို့ ပစ်ခတ်မှု အဆုံးသတ်သွားစေရေးအတွက် အစ္စရေးဝန်ကြီးချုပ် အိုင်မက်အပေါ် ဖိအားပေးမှုများ ပိုမိုများပြားလာသည်။ အစ္စရေးတပ်ဖွဲ့ဝင်များကလည်း စစ်သွေးကြွ နှိမ်နင်းရေးစစ်ဆင်မှုများ ဆက်လုပ်နေသည်။

ပစ်ခတ်

ထိုစစ်ဆင်မှုများ ပြုလုပ်သည့်ကြားမှပင် အစ္စရေးနိုင်ငံအား ဒုံးကျည်ဖြင့် ပစ်ခတ်မှုမှာ လျော့မသွားကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

(အင်တာနက်)

အစ္စရေးတပ်ဖွဲ့ဝင်များက ဂါဇာကမ်းမြောင်ဒေသ၌ ဝင်ရောက်စီးနင်းမှုများ ပြုလုပ်ပြီးနောက် ပါလက်စတိုင်းအချို့အား ထိန်းသိမ်းလာသည်ကို ဤသို့ တွေ့ရသည်။ (အင်တာနက်ဓာတ်ပုံ)

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

■ **ချက်သမ္မတနိုင်ငံ ချီဘ်မြို့ပြင် မီးရထားလမ်းတစ်လမ်း ဖေဖော်ဝါရီ ၁၈ရက်က ရေတိုက်စားမှုကြောင့် ရထားလမ်းအောက်မှ မြေများ မျောပါသွားခဲ့သည်။** (အပေါ်ပုံ)

❒ အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့ရှိ လော့စ်အိန်ဂျလိစ် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဖေဖော်ဝါရီ၁၈ ရက်တွင် ခရီးသည်တစ်ဦးက ဗုံးပါသည်ဟု ခြိမ်းခြောက်မှုကြောင့် လေယာဉ်ပေါ်မှ ခရီးသည်အားလုံးကို အရေးပေါ်ရွှေ့ပြောင်းပေးခဲ့ရသည့်အပြင် လေယာဉ်ခရီးစဉ် အများအပြား ဖင့်နှေးကြန့်ကြာခဲ့ရသည်။

■ **အိန္ဒိယနိုင်ငံ ချမ်ရာနာဂါခရိုင်တွင် ဖေဖော်ဝါရီ ၁၈ ရက်အထိ ယာဉ်တိုက်မှုများကြောင့် သဘာဝတောရိုင်း ကျားခြောက်ကောင်သေဆုံးခဲ့သည်။**

❒ တရုတ်နိုင်ငံအရှေ့ပိုင်း ဖူကျန့်ပြည်နယ်ကမ်းလွန်၌ ဖေဖော်ဝါရီ ၁၈ ရက်က မုန်တိုင်းတိုက်ခတ်မှုကြောင့် ငါးဖမ်းစက်လှေတစ်စင်း နစ်မြုပ်ခဲ့ရာ ငါးဖမ်းသမား ၁၀ဦး ပျောက်ဆုံးလျက်ရှိသည်။

■ **ဖိလစ်ပိုင်နိုင်ငံ မြောက်ပိုင်း ကမ်းလွန်၌ ဖေဖော်ဝါရီ၁၈ရက်က ပနားမားနိုင်ငံမှ ကုန်တင်သင်္ဘောတစ်စင်း နစ်မြုပ်ခဲ့ရာ သင်္ဘောသား ၂၆ဦးကို ကယ်ဆယ်နိုင်ခဲ့သည်။**

❒ ဖေဖော်ဝါရီ ၉ ရက်က နိုင်ငံတကာ အာကာသစခန်းသို့ သွားရောက်ခဲ့သော အတ္တလန်တစ် အာကာသလွန်းပြန်ယာဉ်သည် ဖေဖော်ဝါရီ ၁၇ရက်က မြေပြင်စခန်းသို့ ပြန်လည်ဆင်းသက်လာပြီဖြစ်သည်။

■ **ဗီယက်နမ်နိုင်ငံ ရိုင်ရာလီပြည်နယ် ချူပါ့ခရိုင်တွင် ဖေဖော်ဝါရီ ၁၈ ရက်က မော်တော်ယာဉ်တစ်စီးအရှိန်လွန်ပြီး လမ်းဘေးလျှိုမြောင်အတွင်း ထိုးကျခဲ့ရာ ငါးဦး ပွဲချင်းပြီးသေဆုံးခဲ့သည်။**

❒ ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့တွင် ဖေဖော်ဝါရီ၁၈ရက်က အပူချိန်ရေခဲမှတ်အထိ ကျဆင်းခဲ့သဖြင့် လေးဦးသေဆုံးခဲ့သည်။

■ **ကင်မရွန်းနိုင်ငံ ရအွန်ဒီမြို့တွင် ဖေဖော်ဝါရီ ၁၈ရက်က မီးလောင်မှုဖြစ်ပွား၍ နေအိမ်အဆောက်အအုံ ၁၀လုံးခန့် မီးလောင်ခံခဲ့ရပြီး နှစ်ဦး သေဆုံးခဲ့သည်။**



ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ

၁၉-၂-၂၀၀၈

အင်ဒိုနီးရှား ရေနံပိုမိုထုတ်လုပ်မည်

အင်ဒိုနီးရှားနိုင်ငံသည် ၂၀၀၇ခုနှစ်ကထက် ယခုနှစ်၌ ရေနံထုတ်လုပ်မှု လေးရာခိုင်နှုန်းတိုးတက်အောင် ထုတ်လုပ်မည်ဖြစ်ကြောင်း အင်ဒိုနီးရှားအရာရှိများက ပြောကြားသည်။

အင်ဒိုနီးရှားသည် ၂၀၀၇ခုနှစ်က ရေနံထုတ်လုပ်မှုမှာ ကီလိုလီတာပေါင်း ၃၅ဒသမ၉၅သန်း ထုတ်လုပ်ခဲ့ပြီး ၂၀၀၈ခုနှစ်၌ ကီလိုလီတာပေါင်း ၃၇ဒသမ၃၉ သန်းထုတ်လုပ်မည်ဖြစ်သည်။

ကလပ်စတာဗုံးများဆိုင်ရာ အစည်းအဝေး နယူးဇီလန်က အိမ်ရှင်အဖြစ် လက်ခံကျင်းပ

နယူးဇီလန်နိုင်ငံ ဝယ်လင်တန်မြို့၌ ကလပ်စတာဗုံးများဆိုင်ရာညီလာခံတစ်ရပ်ကို ဖေဖော်ဝါရီ၁၈ရက်၌ စတင်ကျင်းပသည်။

အဆိုပါ ညီလာခံသို့ ကမ္ဘာ့နိုင်ငံပေါင်း ၁၂၂နိုင်ငံက ကိုယ်စားလှယ် ၅၀၀ခန့် တက်ရောက်လျက်ရှိပြီး အရပ်သားများအား ကလပ်စတာဗုံးများဖြင့် တိုက်ခိုက်မှု ကာကွယ်ရေးအပေါ် ဆွေးနွေးဆုံးဖြတ်ကြမည်ဖြစ်သည်။

အစ္စရေးတပ်ဖွဲ့က ပါလက်စတိုင်း ၂၂ဦးကို ဖမ်းဆီး

အစ္စရေးတပ်ဖွဲ့ဝင်များက အနောက်ဘက်ကမ်းမြောင်ဒေသသို့ ဝင်ရောက်ပြီး လက်နက်ကိုင်တိုက်ခိုက်ရေးသမားဟု သံသယရှိသူ ၂၂ဦးအား ဖမ်းဆီးခဲ့သည်။

ထိုသို့ဖမ်းဆီးမှုမှာ ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်နှင့် အစ္စရေးဝန်ကြီးချုပ်အီဟွတ်အိုမတ်တို့ ဂျေရုဆလမ်မြို့၌ တွေ့ဆုံဆွေးနွေးပြီး နောက်နေ့တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အမေရိကန်အား ရေရှည် ရေနံရောင်းမည်မဟုတ် သမ္မတ ဟူဂိုချာဗက်ဇ် ပြောကြား

အမေရိကန်နိုင်ငံသို့ ရေရှည်အဖြစ် ရေနံရောင်းချရန် အစီအစဉ်မရှိကြောင်း ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်က ပြောကြားလိုက်သည်။

မိမိတို့နိုင်ငံသည် လက်ရှိရေနံတင်သင်္ဘောများဖြင့် အမေရိကန်နိုင်ငံသို့ ရေနံတင်ပို့နေမှုကိုရပ်ဆိုင်းပစ်ရန်အသင့်ရှိကြောင်း၊ အမေရိကန်နိုင်ငံသို့ ပြီးခဲ့သည့် ဇန်နဝါရီလက ရောင်းချထားသော ရေနံဖိုးငွေကြေးများကို မပေးသေးကြောင်း သမ္မတဟူဂိုချာဗက်ဇ်က ပြောကြားသည်။

မလေးရှား၌ ရေနံချက်စက်ရုံတည်ဆောက်မည်

မလေးရှားနိုင်ငံမြောက်ပိုင်း ပီရတ်ပြည်နယ် မင်ဂျုန်မြို့၌ ကာတာနိုင်ငံက ရေနံချက်စက်ရုံတစ်ရုံ တည်ဆောက်မည်ဖြစ်ကြောင်း မလေးရှားအရာရှိများက ပြောကြားသည်။

အဆိုပါ ရေနံချက်စက်ရုံကို အမေရိကန်ဒေါ်လာ ၄ဒသမ ၅၅ ဘီလီယံ အကုန်အကျခံကာ တည်ဆောက်မည်ဖြစ်ပြီး တစ်နေ့လျှင် ရေနံစည်ပေါင်း ၁၅၀၀၀၀ ထုတ်လုပ်နိုင်မည်ဖြစ်သည်။

ယူအေအီးနှင့်အီရန် စီးပွားရေးပူးပေါင်းမည်

အာရပ်စော်ဘွားများ ပြည်ထောင်စု(ယူအေအီး)က အီရန်နှင့် ဆက်ဆံရေး ကောင်းမွန်အောင်ကြိုးစားပြီး စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်သွားမည်ဖြစ်ကြောင်း ယူအေအီးအရာရှိများက ပြောကြားသည်။

သဘာဝဓာတ်ငွေ့ရှာဖွေရေး ရင်းနှီးမြှုပ်နှံမှုနှင့် အခြားကဏ္ဍများ၌ အီရန်နှင့် ပူးပေါင်းလုပ်ကိုင်သွားမည်ဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

တောင်ကိုရီးယား၌ အလုပ်လက်မဲ့ဦးရေမြင့်တက်

တောင်ကိုရီးယားနိုင်ငံ၏ အလုပ်လက်မဲ့နှုန်းသည် ကိုးလဆက်တိုက် မြင့်တက်လျက်ရှိကြောင်း တောင်ကိုရီးယားအရာရှိများက ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေး၊ ငါးဖမ်းလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်းများ၌ အလုပ်လက်မဲ့နှုန်းမှာ ပြီးခဲ့သည့် ဇန်နဝါရီလက ၃ ဒသမ ၃ရာခိုင်နှုန်းအထိ မြင့်မားခဲ့သည်။

အင်ဒိုနီးရှားနှင့်ဖင်လန် ကုန်သွယ်မှုတိုးမြှင့်

အင်ဒိုနီးရှားနှင့်ဖင်လန်နှစ်နိုင်ငံတို့သည် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ကြရန် သဘောတူညီလိုက်ပြီဖြစ်သည်။

အင်ဒိုနီးရှားနှင့် ဆက်ဆံရေးတိုးတက်ကောင်းမွန်ရန် ကြိုးစားသွားမည်ဖြစ်ပြီး နှစ်နိုင်ငံအကျိုးတူပူးပေါင်းဆောင်ရွက်မှုများနှစ်စဉ်တိုးတက်သွားရန်လည်း အင်ဒိုနီးရှားသမ္မတ ဆူစီလိုဘန်ဘန်းယူဒိုရိုနိုနှင့် ဖင်လန်သမ္မတ တာဂျိုဟာလွန်းတို့ သဘောတူညီခဲ့ကြသည်။

အီရတ်၌သေဆုံးသည့် ကန်တပ်ဖွဲ့ဝင် ၃၉၆၀ ရှိပြီ

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့အရှေ့မြောက်ပိုင်း၌ ဖေဖော်ဝါရီ ၁၈ ရက်က သောင်းကျန်းသူများ၏ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးပြီး အခြားသူများ ဒဏ်ရာရရှိကြောင်း အမေရိကန်စစ်ဘက်က သတင်းထုတ်ပြန်သည်။

ယင်းသို့ အကြမ်းဖက် တိုက်ခိုက်မှုများသည် ဒီယာလာပြည်နယ်နှင့် ဘဂ္ဂဒက်မြို့အရှေ့ဖျားဒေသမှ အီရတ်နိုင်ငံအရှေ့ပိုင်း အီရန်နယ်ခြားတစ်လျှောက်တွင် ပိုမိုဆိုးရွားလျက်ရှိကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

၂၀၀၃ခုနှစ် အီရတ်သို့ အမေရိကန်ဦးဆောင်သော တပ်ဖွဲ့ဝင်များ ဝင်ရောက် ကျူးကျော်ကတည်းက အီရတ်၌သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ပေါင်း ၃၉၆၀ရှိသွားပြီဖြစ်သည်။

ဘဝဒဿန အမြင်

■ ***No man is wise at all times.***
ဘဝတစ်လျှောက်လုံး မည်သူမျှ ပညာအမြော်အမြင် မရှိနိုင်။
အရစ္စတိုတယ်လ်(ဂရိအတွေးအခေါ်ပညာရှင်)

■ ***Sorrow comes, unsent for.***
မခေါ်ဘဲ ရောက်လာတတ်သော ညှော်သည်ကား ဝမ်းနည်းခြင်းပင်ဖြစ်သည်။
အီစွပ်ပုံပြင်

နိုင်ငံခြားသတင်း ဘာသာပြန်ဆိုရာတွင် ....

အမ်အမ်အေ

အကြောင်းအရာအရလည်း စိတ်ဝင်စားစရာကောင်းပြီး ထူးခြားသည့် အသုံးအနှုန်းအချို့ပါသည့်သတင်းတစ်ပုဒ်ကို ဘာသာပြန်ဆိုပြပါမည်။ ခေါင်းစဉ်နှင့် ပထမစာပိုဒ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

Most Chinses female netizens favour men around 30

Hangzhou, 17 Feb

More than 90 percent of female netizens in China see men around age 30 as ideal husbands, according to the country's first online love and marriage survey.

ခေါင်းစဉ်ကို **"တရုတ်နိုင်ငံတွင် အင်တာနက်ပရိသတ်'မမ' အများစုက အသက်သုံးဆယ်ဝန်းကျင် 'ကိုကို'တို့ကို စိတ်ဝင်စား"**ဟု ပြန်နိုင်ပါသည်။

ပထမစာပိုဒ်ပြန်ဆိုချက်။ ။အချစ်နှင့် လက်ထပ်ရေးနှင့်ပတ်သက်၍ အင်တာနက်မှ ပထမဆုံးသဘောထား ကောက်ယူချက်တစ်ရပ်တွင် တရုတ်နိုင်ငံ၌ အမျိုးသမီး အင်တာနက်ပရိသတ် ၉၀ရာခိုင်နှုန်းကျော်တို့သည် အသက်သုံးဆယ်ဝန်းကျင် အမျိုးသားများကို ကြင်ဖက်အဖြစ် စံထားသတ်မှတ်ကြသည်ဟု ဆိုသည်။

One- third of women were willing to say "I do" to 35 year old men and men around age 40 could still win the hearts of 15.2 percent of female netizens, said the survey.

ဒုတိယစာပိုဒ်ပြန်ဆိုချက်။ ။သဘောထား ဖော်ထုတ်သူသုံးပုံတစ်ပုံသော အမျိုးသမီးများက အသက် ၃၅နှစ်အရွယ် အမျိုးသားများကို အလေးကဲကြပြီး ၁၅ဒသမ ၂ရာခိုင်နှုန်းကမူ အသက်၄၀ ကျော်အရွယ်ကို ဆန္ဒရှိကြသည်ဟုဆိုသည်။

The Poll covered 154, 386 netizens, among whom males accounted for 57.7 percent. Women aged 25 to 28 were the most popular choices for men. About 25.5 percent of male respondents were willing to marry women aged 30 but only 12.5 percent would accept women around 35, said the survey, released on Thursday.

MNA / Xinhua

တတိယစာပိုဒ်ပြန်ဆိုချက်။ ။သဘောထားကောက်ယူ ဆန္ဒပြုသူ ၁၅၄၃၈၆ ဦးတွင် အမျိုးသား၅၇ဒသမ ၇ရာခိုင်နှုန်းပါဝင်ပြီး ၎င်းတို့အများစုကမူ အသက်၂၅နှစ်မှ ၂၈နှစ်အရွယ်ရှိ သူတို့ကို ဇနီးလောင်းအဖြစ် ဆန္ဒရှိကြသည်။ ၂၅ဒသမ၅ရာခိုင်နှုန်းက အသက် ၃၀အရွယ်ရှိသူတို့ကိုရွေးကြပြီး ၁၂ဒသမ၅ရာခိုင်နှုန်းကမူ အသက်၃၅နှစ်ဝန်းကျင် အရွယ် အမျိုးသမီးများကို ကြင်ဖက်အဖြစ် လိုလားကြသည်ဟု ကြာသပတေးနေ့ က ထုတ်ပြန်သည့် သဘောထားကောက်ယူချက်တွင် ဖော်ပြသည်။

သုံးသပ်ချက်။

ခေါင်းစဉ်မှ netizens ဝေါဟာရမှာ Internet နှင့် citizen စကားလုံးနှစ်လုံးကို ပေါင်းစပ်ထားသည့် ဝေါဟာရဖြစ်ပြီး အင်တာနက်အသုံးများသူ (တစ်နည်းအားဖြင့်) အင်တာနက်ပရိသတ်ကို ဆိုလိုပါသည်။ ဒုတိယပိုဒ်တွင် willing to say "I do" ၏ဆိုလိုရင်းမှာ ခရစ်ယာန်ဘာသာဝင်များလက်ထပ်ကြရာတွင် မောင်နှံတို့အား သားမှတ်မှတ်၊ မယားမှတ်မှတ် သက်ဆုံး တိုင်ချစ်ခင်ပေါင်းသင်းပါမည်လားဟု မေးလေ့ရှိပြီး ပေါင်းသင်းပါမည် (I do)ဟု ဖြေရလေ့ရှိသည်ကိုရည်ရွယ်ကာ တင်စား သုံးနှုန်းထားခြင်းဖြစ်ပါသည်။ ။

အမှာစကားပြောကြား

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် မာန်အောင်မြို့ အောင်ဇေယျာခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ပေါ်ပေါက်လာရေးသည် အမျိုးသားရေးတာဝန်ဖြစ် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်ကြရန်တိုက်တွန်း

● *ရှေ့ဖုံးမှ*

ကိုယ့်ရပ် ကိုယ့်ရွာ၊ ကိုယ့်ဒေသ ဖွံ့ဖြိုးရေးကို အင်တိုက်အားတိုက် လုပ်ကိုင်ဆောင်ရွက်ရန် လိုအပ်ပုံများကို ရှင်းလင်းမှာကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် လူမှုရေးအသင်းအဖွဲ့များ အတွက် ထောက်ပံ့ပစ္စည်းများကို သက်ဆိုင်ရာတာဝန်ရှိသူများအား ပေးအပ်ပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် အမ်းမြို့ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိ၍ ဆေးရုံအုပ်ကြီးနှင့် ဆရာဝန် ဆရာမများအား ကျန်းမာရေးပညာပေးခြင်း၊ ကာကွယ်တားဆီးခြင်းနှင့် ဒေသအတွင်းအဖြစ်များသည့် ရောဂါများနှင့် ဆေးဝါးကုသမှုအခြေအနေများကို မေးမြန်းပြီး ပြည်သူများအား ကျန်းမာရေးအသိပညာပေးခြင်း၊ ရောဂါတားဆီးကာကွယ်ခြင်း၊ ဆေးဝါးကုသခြင်းတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းမှာကြားသည်။

ဆေးပဒေသာပင်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် အမ်းမြို့ပြည်သူ့ဆေးရုံအတွက် ထာဝရဆေးပဒေသာပင်အလှူငွေကျပ် ငါးသိန်းကို ဆေးရုံအုပ်ကြီးထံ ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဝန်ကြီးဌာနအသီးသီး၏ ရော်ဘာစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်ချက်များကို မှာကြားသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် အမ်းမြို့မှတစ်ဆင့် ကျောက်ဖြူမြို့သို့ ရောက်ရှိကြပြီး နိုင်ငံတော်ဝန်ကြီးချုပ်သည် ကျောက်ဖြူမြို့ ရမ္မာဝတီခန်းမ၌ ကျောက်ဖြူခရိုင်နှင့် မြို့နယ်များမှ ဌာနဆိုင်ရာများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအားတွေ့ဆုံ၍ အမှာစကားပြောကြားသည်။

အကောင်အထည်ဖော်ဆောင်ရွက်

တွေ့ဆုံပွဲ၌ ကျောက်ဖြူမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်မောင်စောက ကျောက်ဖြူမြို့သို့ နိုင်ငံတော်မှ တာဝန်ရှိသူများ ရောက်ရှိစဉ် လမ်းညွှန်မှာကြားခဲ့မှုများအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုများကိုလည်းကောင်း၊ ဒေသဆန်နှင့် စားသုံးဆီဖူလုံမှု၊ အမယ်သစ်သီးနှံနှင့် နှစ်ရှည်သီးနှံလျာထားစိုက်ပျိုးမှု၊ ဆန်စပါးအပါအဝင် အဓိကသီးနှံ(၁၀)မျိုး စိုက်ပျိုးထွက်ရှိမှုနှင့် ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ယနေ့ မိမိနှင့်အတူ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများပါဝင်သည့်အဖွဲ့သည် ဖေဖော်ဝါရီ ၁၆ ရက်မှစတင်၍ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များ၏ ဖွံ့ဖြိုးမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဖြည့်ဆည်းပံ့ပိုးပေးခဲ့ကြောင်း။

ကူညီထောက်ပံ့

ထို့အပြင် ပြည်သူ့အကျိုးပြုလူမှုရေးလုပ်ငန်းများကို တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်လျက်ရှိကြသည့် လူမှုရေးအသင်းအဖွဲ့များနှင့် ဝန်ထမ်းများအား တွေ့ဆုံအားပေးပြီး လိုအပ်သည့်ကူညီထောက်ပံ့မှုများပေးအပ်ရန် လာရောက်ခဲ့ကြခြင်းဖြစ်ကြောင်း။

ရခိုင်ပြည်နယ်သည် ရှည်လျားသည့်တောင်တန်းများနှင့် ကျယ်ပြန့်သည့် ပင်လယ်ပြင်တို့ ကာဆီးထားသည့်အတွက် အခြားဒေသများနှင့်ဆက်သွယ်ရန် အခက်အခဲများရှိသည့် ပြည်နယ်တစ်ခုဖြစ်ကြောင်း၊ ပြည်နယ်အတွင်း၌လည်း မြစ်ချောင်းများစွာရှိနေသည့်အတွက် မြို့နယ်အချင်းချင်းဆက်သွယ်သွားလာရာတွင်ပင် ခက်ခဲသည့်အခြေအနေများရှိခဲ့ကြောင်း။

ရန်ကုန်–ကျောက်ဖြူလမ်းမကြီး

ယင်းသို့ အခက်အခဲများကြောင့် ရခိုင်ပြည်နယ်အနေဖြင့် သဘာဝရေမြေ အခြေခံကောင်းများရှိနေပါလျက် ဖွံ့ဖြိုးမှုနောက်ကျခဲ့ရကြောင်း၊ နိုင်ငံတော်အကြီးအကဲက ရခိုင်ပြည်နယ်၏ အခက်အခဲများကိုကျော်လွှားလွန်မြောက်ပြီး ပြည်နယ်ဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေမည့် ရန်ကုန်–စစ်တွေပြည်ထောင်စု လမ်းမကြီးနှင့် ရခိုင်ပြည်နယ်၏ တောင်ပိုင်း၊ မြောက်ပိုင်းဆက်သွယ်မှုအပြင် ပဲခူးတိုင်း၊ ဧရာဝတီတိုင်းများနှင့်ပါ ဆက်သွယ်သွားလာနိုင်မည့် ရန်ကုန်–ကျောက်ဖြူလမ်းမကြီးများကို ဖောက်လုပ်စေခဲ့ကြောင်း၊ အဆိုပါလမ်းများဖောက်လုပ်ရာတွင်လည်း လွယ်လွယ်ကူကူဖောက်လုပ်ခဲ့ရခြင်းမဟုတ်ဘဲ အချို့လမ်းအပိုင်းများ၌ ရွှံ့မြေ၊ မြေပျော့၊ ဗြုံးတောများဖြစ်၍ Geotextile နည်းဖြင့် ဖောက်လုပ်ခဲ့ရခြင်းအပြင် တံတားကြီး ၂၄ စင်းနှင့် တံတားအလတ်၊ အသေးအစင်းပေါင်း ၁၅၀၀ ခန့်ကိုလည်း ထည့်သွင်းတည်ဆောက်ပေးခဲ့ရကြောင်း၊ ပြည်တွင်းသုံးငွေနှင့် နိုင်ငံခြားငွေအမြောက်အမြားသုံးစွဲပြီး တည်ဆောက်ပေးခဲ့ခြင်းဖြစ်ကြောင်း။

ဤကဲ့သို့သော အခက်အခဲများနှင့် ငွေကြေးကုန်ကျမှုများ ရှိသော်လည်း နိုင်ငံတော်အကြီးအကဲအနေဖြင့် ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားများ၏ လူမှုစီးပွားရေးတိုးတက်ဖြစ်ထွန်းစေချင်သည့်ဆန္ဒဖြင့် မဖြစ်မနေဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း။

ထို့ကြောင့် ပြည်သူများအပိုင်းကလည်း မိမိတို့ပြည်နယ်အတွင်းရှိ သဘာဝအခြေခံကောင်းများကို အကျိုးရှိရှိအသုံးချခြင်းဖြင့် မိမိတို့မိသားစုဘဝ၊ လူနေမှုအဆင့်မြင့်မားလာစေရအောင် ဖိဖိစီးစီးကြိုးစားဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

ထို့အပြင် ဒေသဖွံ့ဖြိုးရေးအတွက်သော်လည်းကောင်း၊ ပြည်သူများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုံခြုံအေးချမ်းစွာရှာဖွေနိုင်ရန်အတွက်သော်လည်းကောင်း တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးသည်လည်း မရှိမဖြစ်လိုအပ်ချက်ဖြစ်သည့်အတွက် နိုင်ငံ့ဝန်ထမ်းများအပိုင်းကရော၊ ပြည်သူများအပိုင်းကပါ ရရှိဖြစ်ထွန်းနေသည့် တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးအခြေအနေတို့ ပျက်ယွင်းမှုမရှိစေရအောင် ထိန်းသိမ်းသွားကြရန် မှာကြားလိုကြောင်း။

ပြုစုပျိုးထောင်

အလားတူ ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်လာစေရန် လူ့စွမ်းအားအရင်းအမြစ်များနှင့် ပြည့်စုံမှုရှိရန်သည်လည်း လိုအပ်ချက်တစ်ရပ်ဖြစ်ကြောင်း၊ ယခုကဲ့သို့ အသိပညာရှင်၊ အတတ်ပညာရှင်၊ လူ့စွမ်းအားအရင်းအမြစ်များပေါ်ထွက်လာရေး အတွက် ပညာရေးကဏ္ဍက ဖြည့်ဆည်းဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ အခြေခံပညာနှင့်အဆင့်မြင့်ပညာများကို သင်ကြားပေးလျက်ရှိသော စာသင်ကျောင်းများသည် ပညာထူးချွန်တတ်မြောက်သော ပညာရှင်များသာမက အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းကဆိုသည့်အတိုင်း အကျင့်စာရိတ္တကောင်းမွန်သော၊ ဥပဒေစည်းကမ်းများကိုလေးစားလိုက်နာသော လူတော်လူကောင်းများဖြစ်အောင်လည်း လေ့ကျင့်ပျိုးထောင်ပေးကြရန်ဖြစ်ကြောင်း၊ ထို့အပြင်ပြည်ထောင်စုကြီး ရေရှည်တည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ခိုင်မာပြန့်ပွားရေးအတွက် လူငယ်များစိတ်တွင် ပြည်ထောင်စုစိတ်ဓာတ်ကိန်းအောင်းရှင်သန်နေစေရအောင် ပြုစုပျိုးထောင်ပေးကြရန် မှာကြားလိုကြောင်း။

ထို့အပြင် ကျန်းမာရေးကဏ္ဍတွင် တာဝန်ယူဆောင်ရွက်နေကြသည့် ဆရာဝန်၊ ဆရာမများအနေဖြင့် ရောဂါကုသပေးခြင်းအပြင် ကျန်းမာရေးပညာပေးခြင်းနှင့် ကာကွယ်တားဆီးခြင်းလုပ်ငန်းများကို ပြည်သူများနားလည်သဘောပေါက်ပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် အလေ့အကျင့်ကောင်းများရရှိအောင် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ပေးပြီး ကျန်းမာရေးအသိပညာကြွယ်ဝသူများ၊ ကျန်းမာကြံ့ခိုင်သူများဖြစ်အောင် အလေးထားဆောင်ရွက်ပေးကြစေလိုကြောင်း။

အောင်မြင်စွာချမှတ်နိုင်ခဲ့

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ကြီးတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အားသွန်ခွန်စိုက်ဆောင်ရွက်ရင်း တစ်ချိန်တည်းတွင်ပင် ပြည်သူများလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ဖြစ်ပေါ်လာရေးအတွက်ကိုလည်း အလေးထားဆောင်ရွက်ပေးခဲ့ကြောင်း၊ ဒီမိုကရေစီနိုင်ငံတော်ပေါ်ပေါက်လာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ်အား ချမှတ်ဆောင်ရွက်လျက်ရှိရာ ပထမအဆင့်နှင့် အရေးကြီးဆုံးအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီးကို အောင်မြင်စွာကျင်းပခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့် အခြေခံမူများ၊ အသေးစိတ်အခြေခံရမည့်မူများကို ချမှတ်နိုင်ခဲ့ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် နိုင်ငံတော်နှင့်ပြည်သူများအတွက် မရှိမဖြစ်လိုအပ်ချက်ဖြစ်သည်ဆိုသည့်ခံယူချက်ဖြင့် ညီလာခံကိုယ်စားလှယ်ကြီးများက အောင်မြင်စွာ ညှိနှိုင်းချမှတ်နိုင်ခဲ့ကြခြင်းဖြစ်ကြောင်း။

ယခုအခါ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပြီးသည်နှင့် စတုတ္ထအဆင့်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ပြည်သူများ၏ဆန္ဒဖြင့် အတည်ပြုပေးနိုင်ရန် လာမည့်မေလတွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပသွားမည်ဖြစ်ကြောင်းကို ကြေညာထားပြီးဖြစ်ကြောင်း၊ ထို့အပြင် ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ၂၀၁၀ပြည့်နှစ်တွင် ကျင်းပပေးမည်ဖြစ်ကြောင်းကိုလည်း ကြေညာထားပြီးဖြစ်ကြောင်း။

အမျိုးသားရေးတာဝန်

ထို့ကြောင့် ပြည်သူများအနေဖြင့် မိမိတို့လိုလားတောင့်တနေသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ပေါ်ပေါက်လာရေးသည် မိမိတို့၏ ယနေ့ဆောင်ရွက်ရမည့် အမျိုးသားရေးတာဝန်အဖြစ်ခံယူပြီး နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က ကျောက်ဖြူမြို့နယ်အတွင်းရှိ လူမှုရေးအသင်းအဖွဲ့များအတွက် ထောက်ပံ့ပစ္စည်းများနှင့် ဝန်ကြီးဌာနအသီးသီး၏ လက်ဆောင်ပစ္စည်းများကို သက်ဆိုင်ရာတာဝန်ရှိသူများအား ပေးအပ်ပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

စဉ်ဆက်မပြတ်

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် ကျောက်ဖြူခရိုင် ပြည်သူ့ဆေးရုံကြီးသို့ရောက်ရှိပြီး ဆေးရုံအုပ်ကြီးနှင့် ဆရာဝန် ဆရာမများအား မှာကြားရာတွင် ယနေ့ဆရာဝန် ဆရာမများနှင့် ကျန်းမာရေးဝန်ထမ်းများ၏တာဝန်မှာ ဆေးဝါးကုသပေးရုံမျှဖြင့် မလုံလောက်တော့ကြောင်း၊ ပြည်သူများကျန်းမာရေးနှင့် ညီညွတ်အောင်၊ နေထိုင်တတ်သည့် အလေ့အကျင့်များရရှိအောင် ရောဂါမဖြစ်ပွားမီကကြိုတင်ကာကွယ်တားဆီးရေးအသိပညာများ နားလည်သိရှိစေရအောင် ကျန်းမာရေးပညာပေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်ရေးတို့ကို မှာကြားသည်။ ထို့နောက် ကျောက်ဖြူခရိုင် ပြည်သူ့ဆေးရုံကြီး ထာဝရဆေးပဒေသာပင်အတွက် ငွေကျပ်ငါးသိန်းကို ဆေးရုံအုပ်ကြီးထံ ပေးအပ်လှူဒါန်းသည်။

တွေ့ဆုံအားပေး

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျောက်ဖြူမြို့ရှိ ပညာရေးကောလိပ်သို့ သွားရောက်ပြီး သင်တန်းသား ဆရာ ဆရာမများအား တွေ့ဆုံအားပေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် မာန်အောင်မြို့သို့ရောက်ရှိကြပြီး အောင်ဇေယျာခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များ၊ မြို့မိမြို့ဖများအား တွေ့ဆုံရာတွင် ရှေးဦးစွာ မာန်အောင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညီညီလွင်က မြို့နယ်၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် တရားဥပဒေ စိုးမိုးရေးဆိုင်ရာများ၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

လူ့စွမ်းအားအရင်းအမြစ်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများရရှိအောင်၊ နိုင်ငံအကျိုးနှင့် ဒေသအကျိုးကိုသယ်ပိုးဆောင်ရွက်နိုင်မည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ပေါက်လာအောင်၊ ကျန်းမာကြံ့ခိုင်သည့် ပြည်သူများဖြစ်အောင် သက်ဆိုင်ရာ တာဝန်ရှိသူများက ထားရှိရမည့်ခံယူချက်နှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းမှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် လူမှုရေးအသင်းအဖွဲ့များအတွက် ထောက်ပံ့ပစ္စည်းများကို သက်ဆိုင်ရာတာဝန်ရှိသူများသို့လည်းကောင်း၊ ဝန်ကြီးဌာနအသီးသီး၏ လက်ဆောင်ပစ္စည်းများကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသို့လည်းကောင်းပေးအပ်ပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ကြီးပမ်းဆောင်ရွက်

ထို့နောက် (၂၅)ခုတင်ဆံ့ မာန်အောင်မြို့နယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး နိုင်ငံတော်ဝန်ကြီးချုပ်က ဆေးရုံအုပ်ကြီးနှင့် ဆရာဝန် ဆရာမများအား သိရှိလိုသည်များကို မေးမြန်း၍ ပြည်သူများအား ကျန်းမာရေးနှင့်ညီညွတ်အောင် နေထိုင်တတ်သည့်အလေ့အထ၊ အသိပညာရရှိအောင် ကျန်းမာရေးဝန်ထမ်းများက ကြိုးပမ်းဆောင်ရွက်ပေးကြရန် မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မာန်အောင်မြို့နယ်ပြည်သူ့ဆေးရုံအတွက် ထာဝရဆေးပဒေသာပင် လှူဒါန်းငွေကျပ်ငါးသိန်းကို ဆေးရုံအုပ်ကြီးထံ ပေးအပ်သည်။

တောင်ကုတ်မြို့

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် တောင်ကုတ်မြို့သို့ ရောက်ရှိကြပြီး နိုင်ငံတော်ဝန်ကြီးချုပ်သည် တောင်ကုတ်မြို့နယ်ခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ရှေးဦးစွာ တောင်ကုတ်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးသန်းက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဒေသ၏လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

စည်းရုံးဆောင်ရွက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က ရခိုင်ပြည်နယ်အပါအဝင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖွံ့ဖြိုးတိုးတက်မှုများ ရရှိအောင် စီမံကိန်းများချမှတ်၍ ဖြည့်ဆည်းဆောင်ရွက်ပေးထားသည့် အခြေခံကောင်းများကို ပြည်သူများပြည့်ပြည့်ဝဝ ခံစားရရှိနိုင်စေရအောင် နိုင်ငံ့ဝန်ထမ်းများက ဦးဆောင်စည်းရုံးဆောင်ရွက်ကြရန်မှာကြားသည်။

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ်သည် တောင်ကုတ်မြို့နယ်အတွင်းရှိ လူမှုရေးအသင်းအဖွဲ့များသို့ ထောက်ပံ့ပစ္စည်းများကို သက်ဆိုင်ရာတာဝန်ရှိသူများအားလည်းကောင်း၊ ဝန်ကြီးဌာနအသီးသီး၏ လက်ဆောင်ပစ္စည်းများကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌထံလည်းကောင်းပေးအပ်ပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

သံတွဲမြို့

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့်ဆက်လက်ထွက်ခွာလာရာ သံတွဲမြို့သို့ရောက်ရှိကြပြီး သံတွဲမြို့ ဒွါရဝတီခန်းမ၌ သံတွဲခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ မြို့မိမြို့ဖများအား တွေ့ဆုံရာတွင် ရှေးဦးစွာသံတွဲမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်လွင်က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြသည်။

တိုးတက်ဖြစ်ထွန်း

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံ့ဝန်ထမ်းများနှင့်ပြည်သူများအနေဖြင့် ရရှိဖြစ်ထွန်းနေသည့် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ဝိုင်းဝန်းထိမ်းသိမ်းရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေးနှင့် ကျန်းမာရေး၊ လူမှုရေးအဆင့်အတန်းများ တိုးတက်ဖြစ်ထွန်းအောင် ကြိုးပမ်းဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ဆက်လက်၍နိုင်ငံတော်ဝန်ကြီးချုပ်သည် လူမှုရေးအသင်းအဖွဲ့များအတွက် ထောက်ပံ့ပစ္စည်းများကို သက်ဆိုင်ရာတာဝန်ရှိသူများအားလည်းကောင်း၊ ဝန်ကြီးဌာနအသီးသီး၏ လက်ဆောင်ပစ္စည်းများကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌထံလည်းကောင်းပေးအပ်ပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

လှည့်လည်ကြည့်ရှု

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် သံတွဲမြို့၏ဖွံ့ဖြိုးတိုးတက်မှုများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုပြီး Amazing Ngapali Resort သို့ ရောက်ရှိကြရာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်က ငပလီကမ်းခြေရှိဟိုတယ်များနှင့် တည်ဆောက်ဆဲစီမံကိန်းများ၊ ငပလီကမ်းခြေဆိုင်ရာ အချက်အလက်များကို လည်းကောင်း၊ ငပလီ၊ ငွေဆောင်၊ ချောင်းသာကမ်းခြေဟိုတယ်များသို့ ပြည်တွင်းပြည်ပဧည့်သည်များ လာရောက်အပန်းဖြေမှု အခြေအနေနှင့် ဝင်ငွေရရှိမှုများကို လည်းကောင်း ရှင်းလင်းတင်ပြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကျောက်ဖြူမြို့ရှိ ပညာရေးကောလိပ်တွင် သင်တန်းသား ဆရာ ဆရာမများအား တွေ့ဆုံအားပေးစဉ်။ (သတင်းစဉ်)

လိုအပ်သည်များမှာကြား

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က ကမ်းခြေအပန်းဖြေလုပ်ငန်းများနှင့် ခရီးသွားလုပ်ငန်းများစနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သံတွဲမြို့မှ တပ်မတော်လေယာဉ်ဖြင့် ပြန်လည်ထွက်ခွာလာရာ နေပြည်တော်သို့ ဖေဖော်ဝါရီ ၁၈ရက် ညနေပိုင်းတွင် ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါလာကြသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များ ဖြစ်ကြသည့် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့သည် ဖေဖော်ဝါရီ၁၇ရက် ညပိုင်းတွင် အမ်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံးသို့ သွားရောက်၍ မြို့နယ်အသင်း အတွင်းရေးမှူး၊ အလုပ်အမှုဆောင်များ၊ စည်းရုံးရေးမှူးများ၊ အသင်းဝင်များနှင့် တွေ့ဆုံကြရာ မြို့နယ်အသင်းအတွင်းရေးမှူး ဦးကိုကိုသက်က မြို့နယ်အသင်း၏ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ပြည်သူ့အကျိုးပြုလုပ်ငန်း

ထို့နောက် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက အသင်းကြီး၏ ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းမှာကြားပြီး ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့က ပြည်သူ့အကျိုးပြု လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားကြသည်။

ထို့အတူ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်သည် ဖေဖော်ဝါရီ ၁၆ရက် ညနေပိုင်းတွင် စစ်တွေမြို့ မေယုလမ်းရှိ လျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

အလားတူ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် စစ်တွေမြို့ရှိ မြန်မာ့မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်လီမိတက်ရှိ ဝန်ထမ်းများနှင့် ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနနှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတို့မှ ဝန်ထမ်းများအားတွေ့ဆုံ၍ မှာကြားသည်။

တွေ့ဆုံမှာကြား

ထို့အတူ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့သည် စစ်တွေမြို့ မင်းဘာကြီးလမ်းရှိ ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံး၌ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အသင်း အလုပ်အမှုဆောင်များ၊ စည်းရုံးရေးမှူးများ၊ အသင်းဝင်များအားတွေ့ဆုံ၍ အမှာစကား ပြောကြားသည်။ **(သတင်းစဉ်)**

ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သံအမတ်ကြီးခန့်အပ်ရန်သဘောတူညီ

နေပြည်တော် ဖေဖော်ဝါရီ ၂၀

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီး မစ္စတာမူဟာမက်နာဝပ်ဇ်ချောင်ဒရီ၏နေရာတွင် မစ္စတာကာဇီအမ်ခါလီလူလ်လားအား ခန့်အပ်ရန် အဆိုပြုချက်ကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီလိုက်ပြီးဖြစ်သည်။

မစ္စတာ ကာဇီအမ်ခါလီလူလ်လားသည် ၁၉၅၈ ခုနှစ်တွင် မွေးဖွားခဲ့ပြီး အပြည်ပြည်ဆိုင်ရာ ပြည်သူ့ရေးရာမူဝါဒ မဟာဘွဲ့ကို အမေရိကန်ပြည်ထောင်စုမှရရှိခဲ့သည်။ မစ္စတာကာဇီအမ်ခါလီလူလ်လားသည် ၁၉၈၅ ခုနှစ်တွင် ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ စတင်ဝင်ရောက်ခဲ့ပြီး ၁၉၈၈ ခုနှစ်မှ ၁၉၉၃ ခုနှစ်အထိ မော်စကိုမြို့၌ လည်းကောင်း၊ ၁၉၉၃ ခုနှစ်မှ ၁၉၉၆ ခုနှစ် အထိ အစ်ရှ်ဂါဘတ်မြို့၌လည်းကောင်း၊ ၁၉၉၉ ခုနှစ်မှ ၂၀၀၂ ခုနှစ်အထိ ကိဗ်ယက်မြို့နှင့် ၂၀၀၂ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ ဂျီနီဗာမြို့၌ လည်းကောင်း ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ နိုင်ငံအဖွဲ့ရုံး၊ သံရုံးများတို့တွင် ရာထူးအဆင့်ဆင့်ဖြင့် သံတမန်တာဝန်များကို ထမ်းဆောင်ခဲ့သည်။

ယခုအချိန်အထိ မစ္စတာကာဇီအမ်ခါလီလူလ်လားသည် ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာနတွင် ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပြီး အိမ်ထောင်သည်တစ်ဦးဖြစ်သည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၉ ခုနှစ် တပို့တွဲလဆန်း ၁၄ ရက် (အဖိတ်နေ့)

၂၀-၂-၂၀၀၈ ရက် (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ အဘိဓေ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၅။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈:၀၅ ၆။ အတီးပြိုင်ပွဲ
၈:၁၅ ၇။ လယ်ယာစီးပွားမြင့်မားစေရန် ပဒဲရေလှောင်တမံ
၈:၂၅ ၈။ အဆိုပြိုင်ပွဲ
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ Let's Go

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဘာသာရပ်ဆိုင်ရာ သင်ခန်းစာ (ဓာတုဗေဒဘာသာရပ်)
၁၇:၀၅ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇:၂၀ ၅။ သီချင်းကြီးပဒေသာ
၁၇:၃၀ ၆။ ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်
၁၈:၀၀ ၇။ ညနေခင်းသတင်း
၁၈:၃၀ ၈။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၉။ မြန်မာ့ဓလေ့ ရိုးရာလက်ဖွဲ့
၁၈:၅၀ ၁၀။ **အမွှန်မြတ်ဆုံးလက်ဆောင်** နေရဲလင်း၊ နှင်းဥ၊ မေနံ့သာခင်၊ စောနိုင်(ရှမ်းပြည်)၊ ဒေါ်တင်တင်လှ (ဒါရိုက်တာ-မောင်မောင်မြင့်)
၁၉:၁၅ ၁၁။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
၁၉:၄၅ ၁၂။ ကြေးမုံရိပ်သွင် တေးနယ်ဉ်
၂၀:၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ Franz Hararay's Magic Planet.
၁၇။ မြန်မာဗီဒီယိုဇာတ်လမ်း **အပြုံးရှိုက်သံ** နေမျိုးအောင်၊ လှအဥ္ဇလီတင့်၊ အေးဝတ်ရည်သောင်း (ဒါရိုက်တာ-စန္ဒာအောင်သိန်း)

စီးပွားရေးပညာရပ်ဆိုင်ရာဟောပြောမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ဝါဏိဇ္ဇဘွဲ့ရများအသင်း(မြန်မာနိုင်ငံ)C.G.A အသင်းကြီးက ကြီးမှူး၍ (၂၉)ကြိမ်မြောက် စီးပွားရေးပညာရပ်ဆိုင်ရာ ဟောပြောပွဲကို ဖေဖော်ဝါရီ၂၃ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် IBC(International Business Centre)၌ အငြိမ်းစားသံအမတ်ကြီး ဦးလှမောင်(ဘောဂ)M.A(Vanderbilt University U.S.A), DED (Vanderbilt University U.S.A) က "Economic Aspect of Interna- tionalization, Regionalization & Globalization" ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ အခမဲ့ တက်ရောက်နိုင်ကြပြီး အသေးစိတ်သိလိုပါက ဖုန်း-၂၉၁၆၆၇ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **(က-ပ)**

ဖေဖော်ဝါရီ ၁၉ရက်က စမ်းချောင်းမြို့နယ် စမ်းချောင်းလမ်းနှင့် ရှင်စောပုဘုရားလမ်းထောင့်ရှိ Snowflake ပန်းချီပြခန်းအသစ်ဖွင့်ပွဲ အထိမ်းအမှတ် ပြသမည့် Spring Art Exhibitionပြပွဲ ခွင့်ပြုလက်မှတ်ကို စာကြည့်တိုက်၊ ပြတိုက်နှင့် ပြပွဲများကြီးကြပ်မှုကော်မတီမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်က ပြပွဲတာဝန်ခံ ပန်းချီနေဝင်းအောင်အားပေးအပ်စဉ်။ (မြန်မာ့အလင်း)

မြန်မာ့အလင်း အင်တာနက် ဖောင်ပိတ်သတင်း

ပါကစ္စတန်ရွေးကောက်ပွဲမဲများရေတွက် ပီပီပီပါတီ အမတ်နေရာ အများဆုံးအရွေးခံရ

ပါကစ္စတန်ရွေးကောက်ပွဲ၏ ရလဒ်များကို ရွေးကောက်ပွဲကော်မရှင်က ဖေဖော်ဝါရီ၁၉ရက်၌ ထုတ်ပြန်ကြေညာလိုက်ရာ ပါကစ္စတန်သမ္မတ ပါဗက်ဇ်မူရှာရက်ဖ်၏ ပီအမ်အယ်-ကျူပါတီက အမတ်၃၇နေရာသာရရှိခဲ့ရာ မိမိတို့ပါတီရှုံးနိမ့်ကြောင်း သမ္မတမူရှာရက်ဖ်က ဝန်ခံပြောကြားလိုက်သည်။

အမတ်အများဆုံး အရွေးခံရသည့်ပါတီမှာ ကွယ်လွန်သွားသော ဘာနာဇာဘူတို၏ ပီပီပီပါတီဖြစ်ပြီး အမတ်၈၆ နေရာရရှိခဲ့သည်။ အတိုက်အခံခေါင်းဆောင် နာဝပ်ဇ်ရှရစ်ဖ်၏ ပီအမ်အယ်-အင်န်ပါတီက အမတ်၆၄နေရာ၊ အမ်ကျူအမ် ပါတီက ၁၉နေရာ၊ အေအင်န်ပီပါတီက ၁၀နေရာ၊ အခြားပါတီငယ်များက ၂၉နေရာ ရရှိခဲ့သည်။

ပီပီပီပါတီသည် နာဝပ်ဇ်ရှရစ်ဖ်၏ ပီအမ်အယ်-အင်န်ပါတီနှင့်ပူးပေါင်းကာ အစိုးရဖွဲ့မည်ဖြစ်သည်။

ကျူးဘားခေါင်းဆောင်ကက်စထရိုအနားယူပြီ

အသက် ၈၁နှစ် အရွယ်ရှိ ကျူးဘားသမ္မတ ကက်စထရိုက မိမိသည် နိုင်ငံတော်သမ္မတအဖြစ်လည်းကောင်း၊ စစ်တပ်အကြီးအကဲအဖြစ်လည်းကောင်းပြန်လည်အရွေးခံတော့မည် မဟုတ်ကြောင်း မိမိအငြိမ်းစားယူပြီဖြစ်ကြောင်း ပြောကြားလိုက်သည်။

၄၉နှစ်ကြာ

ကက်စထရိုသည် ၁၉၅၉ ခုနှစ်မှစတင်ကာ ကျူးဘားနိုင်ငံခေါင်းဆောင်ဖြစ်ခဲ့ပြီး ၄၉နှစ်ကြာ အုပ်ချုပ်ခဲ့သူ ဖြစ်သည်။

သဘာပတိ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင်ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအား အတည်ပြုကြောင်းကို မော်ကွန်းတင် လက်မှတ်ရေးထိုးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအား အတည်ပြုကြောင်းကို မော်ကွန်းတင် လက်မှတ်ရေးထိုးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင် အဖွဲ့ဝင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအား အတည်ပြုကြောင်းကို မော်ကွန်းတင် လက်မှတ်ရေးထိုးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင် အဖွဲ့ဝင် ဦးသောင်းညွန့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းအား အတည်ပြုကြောင်းကို မော်ကွန်းတင် လက်မှတ်ရေးထိုးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင် အဖွဲ့ဝင်များက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေမူကြမ်းအား အတည်ပြုကြောင်းကို မော်ကွန်းတင် လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင် အဖွဲ့ဝင်များက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေမူကြမ်းအား အတည်ပြုကြောင်းကို မော်ကွန်းတင် လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

❒ *ကျောဖုံးမှ*

ရှေးဦးစွာ နိုင်ငံတော်ဖွဲ့စည်းပုံ ခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

ထို့နောက် အစည်းအဝေးမစတင်မီ နံနက် ၈ နာရီခွဲမှစတင်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင်အဖွဲ့ဝင်များက မိမိတို့ ရေးဆွဲထားသည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအား အတည်ပြုကြောင်းကို မော်ကွန်းတင်လက်မှတ်ရေးထိုးကြသည်။

ယင်းနောက် အစည်းအဝေးကို နံနက် ၉ နာရီတွင် စတင်ကျင်းပရာ သဘာပတိအဖြစ် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင်ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက ဆောင်ရွက်ပြီး အခမ်းအနားမှူး အဖြစ် အတွင်းရေးမှူး ဒေါက်တာသောင်းမြင့်က ဆောင်ရွက်သည်။

လက်မှတ်ရေးထိုး

ရှေးဦးစွာ သဘာပတိ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင်ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းအား အတည်ပြုကြောင်းကို မော်ကွန်းတင် လက်မှတ်ရေးထိုး သည်။

ထို့နောက် သဘာပတိ ကော်မရှင်ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သဘာပတိ ကော်မရှင်ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး၏ နိဂုံးချုပ်အမှာစကားကို သီးခြား ဖော်ပြထားပါ သည်။) (သတင်းစဉ်)

မြန်မာ့ရုပ်သေးကြိုးဆွဲ အကပညာ ဂုဏ်ယူဖွယ်ရာ

မေးမြန်းသူ-မြင့်မောင်စိုး (မြန်မာ့အလင်း) ဓာတ်ပုံမှတ်တမ်း-အောင်သန်း (မင်္ဂလာတောင်ညွန့်) စာမျက်နှာဖွဲ့စည်းမှု-ထိန်လင်း

ရန်ကုန် ဖေဖော်ဝါရီ ၁၉

မြန်မာ့ရုပ်သေးဇာတ်သဘင်သည် ရှေးနှစ်ပေါင်းများစွာကပင် မြန်မာ့အနုသုခုမနယ်ပယ်တွင် ရှင်သန်ထွန်းကားခဲ့သော ယဉ်ကျေးမှုအမွေအနှစ်ဖြစ်သည်။

မြန်မာ့ရုပ်သေးပညာရှင်များ၏ ကြိုးစားအားထုတ်မှု၊ တီထွင်ဆန်းသစ်မှုတို့ကြောင့် ရုပ်သေးဇာတ်သဘင် လောကသည် ယနေ့တိုင် ပြည်သူများအကြား ထင်ရှားနေရဆဲဖြစ်သည်။ တိမ်မြုပ်ပျောက်ကွယ်လုနီးပါးဖြစ်နေသော မြန်မာ့ရုပ်သေးဇာတ်သဘင်လောကအကြောင်း တစေ့တစောင်းတင်ပြနိုင်ရန် မြန်မာ့အလင်းသတင်းအဖွဲ့သည် ရွှေတံဆိပ်ဆုများရှင် ရုပ်စုံမင်းသားကြီး ဣစ္ဆိတံဆရာချမ်း ဦးစီးသော ငြိမ်းချမ်းရွှေပြည်ရုပ်စုံစင်တော်ကြီး ဖျော်ဖြေတင်ဆက်ရာ သန်လျင်ဆံတော်ရှင် ကျိုက်ခေါက်စေတီတော် ဗုဒ္ဓပူဇနိယပွဲတော်သို့ သွားရောက်စေ့ငုခဲ့ပါသည်။

ရှေးဦးစွာ ရုပ်စုံမင်းသားကြီး ဆရာချမ်းက ပြောပြသည်မှာ **"ရုပ်သေးဇာတ်သဘင်မှာ ဒဂုံအောင် ရုပ်စုံသဘင်ကို တည်ထောင်ခဲ့တဲ့ ဦးရဲဒွေး ခေတ်မှာ အတော် အောင်မြင်ခဲ့ပါတယ်။ သူ အောင်မြင်တဲ့ အချိန်မှာ ဇာတ်သဘင်လောကမှာတော့ မြို့တော်သိန်းအောင်ဇာတ်က အအောင်မြင်ဆုံး၊ လူကြိုက်အများဆုံးပါ။ အဲဒီတုန်းက မြို့တော်သိန်းအောင်ဟာ ပြဇာတ်နှင့် အောင်မြင်တဲ့ အချိန်မှာ မြို့တော်သိန်းအောင်ပြဇာတ် ကကွက်တွေကို ဦးရဲဒွေးက တီထွင်ဆန်းသစ်ပြီး ဖျော်ဖြေတင်ဆက်ခဲ့ရာမှာ ရုပ်သေးပရိသတ်များ အတော်အကြိုက်တွေ့ခဲ့ပါတယ်။ ဒါ့ကြောင့် ဦးရဲဒွေး ခေတ်မှာ ရုပ်သေးပရိသတ်များ ရုံပြည့်ရုံလျှံ အားပေးကြည့်ရှုခဲ့ကြပါတယ်။**

"ဦးရဲဒွေးခေတ်နောက်ပိုင်းပုဏ္ဏားပုံ ဦးကျော်ကြီးရဲ့ ရုပ်စုံဇာတ်သဘင်အဖွဲ့ ပေါ်ပေါက်လာပါတယ်။ ဒီနောက်ပိုင်းမှာတော့ ကျွန်တော် ဆရာချမ်းက ရုပ်သေးပညာနှင့် ပတ်သက်ပြီး အမွေဆက်ခံ ကပြလျက်ရှိပါတယ်"ဟု ပြောကြားသည်။

"ကျွန်တော့်ခေတ်မှာတော့ ရုပ်သေးကြိုးဆွဲပညာရှင် အရေအတွက်ဟာ အတော့်ကို ရှားသွားပါပြီ။ ဒီကျိုက်ခေါက်ဘုရားပွဲမှာတောင် ကြိုးဆွဲပညာရှင်တွေ မနည်းလိုက်စု ခေါ်ခဲ့ရပါတယ်။ ဒီပွဲမှာ ဝါရင့်ရုပ်သေးကြိုးဆွဲပညာရှင်

ရုပ်သေးဇာတ်သဘင် ရှင်သန်လာဖို့အတွက် ရုပ်သေးပွဲတွေ များများကပြဖို့ လိုပါတယ်။

ဦးစိန်လှတင်
(ရုပ်သေးကြိုးဆွဲနည်းပြဆရာ)

တဖြည်းဖြည်း ရုပ်သေးဇာတ်သဘင်များ ထွန်းကားခဲ့ရာ ၁၉၄၅-၁၉၅၀ ဝန်းကျင်က ဟင်္သာတမြို့မှာ ရုပ်သေးစင် ၂၄ စင်လောက်အထိ တိုးတက်များပြားလာခဲ့ပါတယ်။ အဲဒီတုန်းက ထင်ရှားတဲ့ရုပ်သေးပညာရှင်တွေကတော့ ရုပ်သေးမင်းသားကြီး ဦးညို၊ ရုပ်သေးမင်းသမီးကြီးအမေပု၊ ဦးဘဂျမ်း၊ ရွှေတံဆိပ်ရ မောင်ထွားစိန်တို့ ဖြစ်ပါတယ်"ဟု မြန်မာ့အလင်းသို့ ပြောကြားသည်။

ချောင်းမှာ အရုပ်များထိုးပြီး ကပြတဲ့တုတ်ထိုးရုပ်သေး၊ အရိပ်ပြရုပ်သေးနဲ့ ကြိုးဆွဲရုပ်သေးဆိုပြီး လေးမျိုးလေးစား ရှိပါတယ်။ ဒီထဲမှာ ကြိုးဆွဲရုပ်သေးက အဆင့်မြင့်ဆုံးနဲ့ လူကြိုက်အများဆုံးဖြစ်ပါတယ်။ ဒီကြိုးဆွဲရုပ်သေးကို တရုတ်၊နီပေါတို့မှာလည်း ရှိပါတယ်။ မြန်မာနိုင်ငံက ကြိုးဆွဲရုပ်သေးဟာ အဆင့်အမြင့်ဆုံး ကြိုးဆွဲရုပ်သေးဖြစ်ပါတယ်"ဟုပြောကြားသည်။

"ရုပ်သေးကပြမှုဟာ မြတ်စွာဘုရားရှင် လက်ထက် ကတည်းက ပေါ်ပေါက်ခဲ့ကြောင်း ဇာတ်နိပါတ်တွေအရ လေ့လာသိရှိရပါတယ်။ ပင်းယ၊ အင်းဝခေတ်တွေမှာ ရုပ်သေးကပြ တင်ဆက်မှု ထွန်းကားခဲ့ပါတယ်။ ရုပ်သေးရုပ်ကို အရင်ခေတ်ကတော့ ၃၂ရုပ်နဲ့ ကပြပါတယ်။ ဒီဘက်ခေတ်မှာ တီထွင်ဆန်းသစ်မှုတွေအရ အရုပ်တွေ တိုးလာတာ အရုပ်၇၀အထိ ရှိလာပါတယ်။

"ယနေ့ရုပ်သေးကပြတဲ့ပုံစံကတော့ ပဏာမအဖွင့်မှာ ရွှေဘုန်းတော် ရောင်ခြည်သီချင်းနဲ့ ဘုရားကန်တော့ခန်းဖွင့်ပါတယ်။ ဒီအခန်းမှာ မင်းသား၊ မင်းသမီး၊ လူရွှင်တော်၊ ဘုရင်၊ မိဖုရားနဲ့ နတ်ကတော်ရုပ်တွေ ပါပါတယ်။ ဒီနောက်မှာ ဟိမဝန္တာခန်း ပြပါတယ်။ ကမ္ဘာဦး လူသားများ စတင် ပေါ်ပေါက်လာပုံ

ယခင်က ကြိုးဆွဲရုပ် ၃၂ရုပ်သာ ရှိသော်လည်း ယခုအခါ ကြိုးဆွဲရုပ် ၇၀အထိ ရှိလာပြီ။

အဲဒီအခန်းများအပြီးမှာ ရုပ်သေးပြဇာတ်၊ မြိုင်ထနှစ်ပါးသွား အကတွေ တင်ဆက်ပါတယ်။ ဒီနောက်မှာတော့ ဆို၊ ငို၊ ပြော ရုပ်သေးပညာရှင်တွေရဲ့ နောက်ပိုင်း ငါးရာ့ငါးဆယ် ဇာတ်တော်ကြီးတွေ တင်ဆက်ပါတယ်။ ဇာတ်တော်ကြီး ဖျော်ဖြေတင်ဆက်မှုဟာ ရုပ်သေးရဲ့ အဓိကတင်ဆက်မှုအခန်းဖြစ်ပါတယ်"ဟု ဦးမျိုးမင်းအောင်က ရုပ်သေးဇာတ်သဘင်၏ ဖျော်ဖြေတင်ဆက်မှုများကို အသေးစိတ်ရှင်းပြသည်။

သို့ဖြစ်၍ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ် စစ်စစ်ဖြစ်သည့် ရုပ်သေးကြိုးဆွဲပညာ ဆက်လက်တည်တံ့ ပြန့်ပွားစေရန်

ရုပ်သေးဇာတ်သဘင်မှာဒဂုံအောင်ရုပ်စုံသဘင် ဆိုပြီး ဦးရဲဒွေးက တစ်စင်ထောင်ခဲ့တာ အောင်မြင်လာခဲ့ပါတယ်။

ရုပ်သေးကြိုးဆွဲ ရွှေတံဆိပ်ဆုများရှင် ဣစ္ဆိတံ ဆရာချမ်း (ငြိမ်းချမ်းရွှေပြည် ရုပ်စုံတော်ကြီး)

ရုပ်သေးပညာရှင်များနှင့် ပြည်သူတစ်ရပ်လုံးက ပူးပေါင်းဆောင်ရွက်သွား ကြရမည် ဖြစ်သကဲ့သို့ မြန်မာတစ်မျိုးသားလုံး အနေဖြင့်လည်း ရှေးဘိုးဘွားဘီဘင် လက်ထက်က ရှင်သန်ထွန်းကားခဲ့ပြီး မြန်မာ့ယဉ်ကျေးမှု အမွေအနှစ် စစ်စစ်ဖြစ်၍ ဂုဏ်ယူဝင့်ကြွားစွာဖြင့် ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

> **ရုပ်စုံအဖွဲ့ကြီးမှာ နိုင်ငံတော် ရွှေတံဆိပ်ဆုရ ရုပ်သေးပညာရှင်တွေအတော် များများ ပါဝင်ပါတယ်။ သူတို့ကတစ်ဆင့် ယနေ့ လူငယ်မျိုးဆက်သစ်တွေကို လက်ဆင့်ကမ်း အမွေပေးနေပါတယ်။**
> **ဆရာချမ်း**
>
> **ရုပ်သေးဇာတ်သဘင်ရဲ့ သမိုင်းကိုပြောပြရရင် ဟင်္သာတမြို့ဟာ ရုပ်သေးအထွန်းကားဆုံးမြို့ ဖြစ်ခဲ့ပါတယ်။**
> **ဦးစိန်တင်လှ**
>
> **မြန်မာနိုင်ငံက ကြိုးဆွဲရုပ်သေးဟာ အဆင့်အမြင့်ဆုံး ကြိုးဆွဲရုပ်သေးဖြစ်ပါတယ်။**
> **ဦးမျိုးမင်းအောင်**

ဦးစိန်တင်လှ၊ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲမှ နိုင်ငံတော် ရွှေတံဆိပ်ဆုများရတဲ့ ဦးဒေါင်းရင်တို့ ပါဝင်ပါတယ်။ ကျွန်တော့်ရုပ်စုံအဖွဲ့ကြီးမှာ နိုင်ငံတော် ရွှေတံဆိပ်ဆုရ ရုပ်သေးပညာရှင်တွေ အတော်များများ ပါဝင်ပါတယ်။ သူတို့ကတစ်ဆင့် ယနေ့လူငယ်မျိုးဆက်သစ်တွေကို လက်ဆင့်ကမ်း အမွေပေးနေပါတယ်"ဟု ရုပ်စုံမင်းသားကြီး ဆရာချမ်းက ပြောကြားသည်။

ထို့နောက် အနုပညာဦးစီးဌာနမှ ရုပ်သေးကြိုးဆွဲ နည်းပြဆရာကြီး ဦးစိန်တင်လှက ပြောကြားရာတွင် **"ကျွန်တော် မှတ်မိသလောက် ရုပ်သေးဇာတ်သဘင်ရဲ့ သမိုင်းကိုပြောပြရရင် ဟင်္သာတမြို့ဟာ ရုပ်သေးအထွန်းကားဆုံးမြို့ဖြစ်ခဲ့ပါတယ်။ သီပေါမင်းပါတော်မူပြီးတဲ့နောက် ရုပ်သေးပညာရှင် အများစုဟာ မန္တလေးမြို့မှ အောက်မြန်မာနိုင်ငံကို ရွှေ့ပြောင်း လာကြပါတယ်။ အဲဒီတုန်းက ဟင်္သာတမြို့ဟာ သွားရေးလာရေး ကောင်းမွန်တာကြောင့် ရုပ်သေးပညာရှင်များ အများစု ရောက်ရှိခဲ့ပါတယ်။**

"ရုပ်သေး ဇာတ်သဘင်လောက ဆက်လက်ရှင်သန် ဖြစ်ထွန်းဖို့ ရုပ်သေးပွဲတွေ များများကပြဖို့ လိုပါတယ်။ ဒီလိုကပြနိုင်အောင်လည်း အခုလိုဘုရားပွဲတော်တိုင်းမှာ ထည့်သွင်း ကပြမယ်ဆိုရင် ရုပ်သေး ကြည့်သူတွေ များလာမယ်။ ကျွန်တော်တို့ ရုပ်သေးကြိုးဆွဲပညာရှင်တွေကလည်း ခေတ်အကြိုက် ကကွက်ဆန်းတွေ တီထွင်တင်ဆက်မယ်ဆိုရင် ရုပ်သေးဇာတ် သဘင်လောက တိမ်ကောသွားစရာ မရှိပါဘူး"လို့လည်း ဦးစိန်တင်လှက ပြောကြားသည်။

တစ်ဖန် ရုပ်သေးကြိုးဆွဲပညာရှင် ဦးမျိုးမင်းအောင်ကလည်း ရုပ်သေးရုပ်စုံနှင့်ပတ်သက်၍ ပြောပြသည်မှာ **"ရုပ်သေးမှာ လက်ချောင်းများတွင် ရုပ်သေးရုပ်များထိုးပြီးကပြတဲ့ လက်ထိုးရုပ်သေး၊ တုတ်**

မြန်မာ့အနုပညာ စစ်စစ် နှစ်ပါးသွား ကဟန်များကို မြန်မာ့ရုပ်သေးရုပ်များဖြင့် ကြိုးဆွဲ ပညာရှင်များက ဤသို့ ရုပ်သေးကြိုးဆွဲ ပုံဖော်ခဲ့ကြသည်။

အခန်းဖြစ်ပြီး မြင်း၊ မျောက်၊ ဘီလူး၊ ဇော်ဂျီရုပ်တွေ ပါဝင်ပါတယ်။ ဒီနောက်မှာ မြို့တော်အရှင်၊ ရွာတော်အရှင်ပူဇော်ပွဲ၊ ကိုးမြို့ရှင်နှင့် ပုလဲယဉ်နတ်ပူဇော်ပွဲအက၊ ပုပ္ပားနှင့် သားတော်နှစ်ပါး အခန်း၊ နန်ကရိုင်းမယ်တော် အကတို့ကို ဆက်လက် တင်ဆက်ပါတယ်။

မြန်မာ့အလင်း မှုခင်းသတင်းများ

စံပယ်အအေးခန်း ညှော်ရိပ်သာမီးလောင်မှုဖြစ်ပွား

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ပန်ကာ ဝိုင်ယာရှော့ခ်ဖြစ်ရာမှစတင်၍ မီးလောင်မှု မရမ်းကုန်းမြို့နယ်တွင် ဖေဖော်ဝါရီ၁၅ရက်က ဖြစ်ပွားသည်။ ဖြစ်ပွားပုံမှာ မရမ်းကုန်းမြို့နယ်(၁)ရပ်ကွက် ဘုရင့်နောင်ပွဲရုံတန်းရှိ အမှတ်(၉)ရပ်ကွက် ယုဇနလမ်းနှင့် ကံ့ကော်လမ်းထောင့်ရှိ ဦးလွင်ကြည်အောင် (၄၆နှစ်) (ဘ) ဦးကြည်ညွန့်ပိုင် စံပယ်အအေးခန်း ညှော်ရိပ်သာတွင် ဖေဖော်ဝါရီ၁၅ ရက် ညနေ၃နာရီ၄၅မိနစ်က လေးလွှာ၊ အခန်း၃ရှိ ပန်ကာမှ ဝိုင်ယာရှော့ခ်ဖြစ်၍ မီးလောင်မှုဖြစ်ပွားရာ အခန်း(၄)၊ (၅)၊(၆)၊(၇)နှင့်(၈)သို့ပါ ကူးစက်လောင်ကျွမ်းခဲ့ကြောင်း သိရသည်။ မီးမှာ ညနေ၄နာရီ၂၅မိနစ်တွင် ငြိမ်းသွားခဲ့သည်။ မီးလောင်မှုနှင့်ပတ်သက်၍ တည်းခိုခန်းမန်နေဂျာ ဦးကျော်လွင်(၆၅နှစ်)အား ဘုရင့်နောင်ရဲစခန်းမှ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၈၅အရ အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိသည်။ **(သတင်းစဉ်)**

အမှတ်(၁၀၀)ယာဉ်လိုင်းမှဒိုင်နာကား အရှိန်မထိန်းနိုင်ဘဲလမ်းဘေးထိုးကျ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ကြည့်မြင်တိုင်မြို့နယ် ထီးတန်းရပ်ကွက် ကမ်းနားလမ်းနှင့် ထီးတန်း (၃)လမ်းထိပ်တွင် ဖေဖော်ဝါရီ၁၇ရက် နံနက်၉နာရီခွဲခန့်က လိုင်သာယာနှင့် ဆူးလေပြေးဆွဲလျက်ရှိသည့် အမှတ်(၁၀၀) ခရီးသည်တင်ယာဉ်လိုင်းမှ ဒိုင်နာယာဉ်အမှတ် ၃ခ/၈၈၉၆သည် ကမ်းနားလမ်းအတိုင်း တောင်ဘက်မှ မြောက်ဘက်သို့ မောင်းနှင်လာစဉ် ရှေ့ကားအား ကျော်တက်ရာမှ အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးသို့ထိုးကျ တိမ်းမှောက်ရာ ယာဉ်မောင်းဖြစ်သူ (စိစစ်ဆဲ)မှာ ထွက်ပြေးတိမ်းရှောင်သွားကြောင်း သိရသည်။ ယာဉ်တိမ်းမှောက်မှုကြောင့် ခရီးသည် ကျားနှစ်ဦး၊ မလေးဦး စုစုပေါင်းခရီးသည် ခြောက်ဦးမှာ ထိခိုက်ဒဏ်ရာများရရှိခဲ့သဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ကုသထားရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မှုစစ်နယ်မြေ(၄)မှ ထွက်ပြေးတိမ်းရှောင်သွားသူ ယာဉ်မောင်းအား ဖမ်းဆီးရမိရေးနှင့် အမှုဖွင့် အရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

ခရီးသည်တင်ယာဉ် တိမ်းမှောက် ၁၆ဦးထိခိုက်ဒဏ်ရာရရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

တိုက်ကြီးမြို့နယ် ဂျင်းတိုက်ကွင်းကျေးရွာ ရန်ကုန်-ပြည်ကားလမ်း မိုင်တိုင်အမှတ်(၅၂/၆)အနီးတွင် ဖေဖော်ဝါရီ ၁၇ရက် နံနက်၇နာရီခန့်က လက်ပံတန်းမှ ရန်ကုန်သို့ ယာဉ်မောင်း ညီညီဇော်(ခ)မိုးကြီး(ဘ)ဦးဇော်မင်း ကန်ကြီးရပ်ကွက် လက်ပံတန်းမြို့နယ်နေသူ မောင်းနှင်လာသည့် ဇော်မင်းဦး ခရီးသည်တင်ယာဉ်လိုင်းမှ တိုယိုတာဒိုင်နာယာဉ်အမှတ် လ/၈၂၀၄သည် လမ်း၏ယာဘက်သို့ ထိုးကျတိမ်းမှောက်သွားခဲ့သဖြင့် ယာဉ်ပေါ်ပါခရီးသည် နိုင်လင်း(၂၈နှစ်) (ဘ)ဦးကျော်သန်း ရွှေတောင်ကျောင်းလမ်းသွယ်(၄) မင်းရဲကျော်စွာရပ်ကွက် လက်ပံတန်းမြို့နယ်နေသူပါ ကျားရှစ်ဦး၊ မမိုးမိုးခိုင်(၃၁နှစ်) (ဘ)ဦးကျင်ရွှေ မအူကုန်းလမ်း (၆) ရပ်ကွက် လက်ပံတန်းမြို့နယ်နေသူပါ မရှစ်ဦး စုစုပေါင်း ခရီးသည် ၁၆ဦး ထိခိုက်ဒဏ်ရာရရှိသဖြင့် တိုက်ကြီးဆေးရုံသို့ တင်ပို့ခဲ့ရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ တိုက်ကြီးရဲစခန်းမှ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၃၇/၃၃၈/၂၀၂ဖြင့် အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိပြီး ထွက်ပြေးတိမ်းရှောင်သွားသော ယာဉ်မောင်း ညီညီဇော်အား ဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

စိတ်ဝေဒနာရှင်က ဓားဖြင့်ထိုးသဖြင့် ညှော်သည်သေဆုံး

ရန်ကုန် ဖေဖော်ဝါရီ ၁၉

အိမ်ရှင်၏သား စိတ်ဝေဒနာရှင်က ဓားဖြင့်ထိုးသဖြင့် ညှော်သည်သေဆုံးရမှု ကျောက်တံတားမြို့နယ်တွင် ဖေဖော်ဝါရီ ၁၆ ရက်က ဖြစ်ပွားသည်။ ဖြစ်ပွားပုံမှာ ကျောက်တံတားမြို့နယ် (၃)ရပ်ကွက် ၃၆လမ်း မြေညီထပ်ရှိ ဦးအောင်သိန်းဟန်၏ စာပေမွေ့သူစာအုပ်တိုက်တွင် ဖေဖော်ဝါရီ၁၆ရက် မွန်းတည့်၁၂နာရီခန့်က ညှော်သည် ဦးစိုးနိုင်(၆၂နှစ်) အမှတ်(၆၀)အောင်သပြေလမ်း ၄၉ရပ်ကွက် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေသူအား အိမ်ရှင်၏ သားဖြစ်သူ စိတ်ဝေဒနာရှင် ဟန်ကြီးအောင် (၃၉နှစ်)က ဓားနှင့်ထိုးသဖြင့် ဦးစိုးနိုင်၏ ယာရင်အုံနှင့် ဝဲလည်ပင်းတို့တွင် ထိုးသွင်းဒဏ်ရာများရရှိပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့တင်ပို့ခဲ့ရာ သေဆုံးသွားသဖြင့် ဟန်ကြီးအောင်အား ဖမ်းဆီး၍ စိတ်ကျန်းမာရေး ဆေးရုံသို့ ပို့ဆောင်ခဲ့သည်။ ကျောက်တံတားရဲစခန်းမှ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ၃၀၂ဖြင့် အမှုဖွင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

နိုင်ငံတော်သစ်တည်ဆောက်ရေး ကျရာကဏ္ဍက တက်ကြွစွာပါဝင်ဆောင်ရွက် နိုင်ငံတော်နှင့်ပြည်သူများ၏ အကျိုးစီးပွားအတွက် အဖျက်လုပ်ရပ်မှန်သမျှ စွန့်လွှတ်စွန့်စားသောစိတ်ဖြင့် ပြည်သူများနှင့်လက်တွဲကာကွယ်တားဆီး



ရန်ကုန် ဖေဖော်ဝါရီ ၁၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ အဆင့်မြင့်စီမံခန့်ခွဲရေးအထူးသင်တန်း အမှတ်စဉ်(၈) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၈နာရီက ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း သင်တန်းကျောင်း ပြည်ထောင်စုခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအထွေထွေအတွင်းရေးမှူးဦးဌေးဦး **(အပေါ်ပုံ)** က အမှာစကားပြောကြားရာတွင် နိုင်ငံသားတိုင်းသည် အေးချမ်းသာယာမှု၊ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုများကို ရယူခံစားလိုကြသူများဖြစ်ကြကြောင်း၊ ထို့ကြောင့်လည်း အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာရေးကို အမျိုးသားရေးရည်မှန်းချက်အဖြစ် ခိုင်မာစွာချမှတ်ပြီး ကြိုးပမ်းအကောင်အထည်ဖော်နေကြခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်သစ်တည်ဆောက်ရေး လုပ်ငန်းစဉ်ကြီးသည် တစ်မျိုးသားလုံးနှင့် သက်ဆိုင်သည့် မွန်မြတ်အရေးပါသော လုပ်ငန်းစဉ်ကြီးဖြစ်သည့်အတွက် ပြည်သူတစ်ရပ်လုံး နိုးကြားတက်ကြွသော အသိစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းပါဝင်ဆောင်ရွက်လာစေရန် စည်းရုံးရေးနည်းလမ်းဖြင့် အထောက်အကူပြုနိုင်စေရေးအတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီးကို ထူထောင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း။

အသင်းဝင်များသည် နိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် အရေးပါသည့် နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်ကြီးတွင် ပြည်သူများနှင့်အတူ ဝိုင်းဝန်းလက်တွဲဆောင်ရွက်ကြရန် ကိုယ်တိုင်ဆန္ဒပြု ဝင်ရောက်လာကြသူများ ဖြစ်ကြကြောင်း။

အသင်းကြီးကို မွန်မြတ်မှန်ကန်သည့် အမျိုးသားရေးတာဝန် ဖြစ်သော ဒို့တာဝန်အရေးသုံးပါးအပေါ်အခြေခံသည့် ရည်ရွယ်ချက် (၅)ရပ်၊ ကတိသစ္စာ (၄)ချက်၊ ကျင့်ဝတ်(၁၁)ပါးနှင့် တာဝန်ဝတ္တရား(၁၄)ချက်ကို ချမှတ်ပြဋ္ဌာန်းထူထောင်ခဲ့ခြင်း ဖြစ်ကြောင်း၊ နိုင်ငံတော်၏ နယ်မြေဒေသအသီးသီးတွင် ပြည်သူများနှင့် တစ်သားတည်း၊ တစ်ဆက်တစ်စပ်တည်း ရှိနေကြသည့် တိုင်းရင်းသားပေါင်းစုံ၊ အလွှာပေါင်းစုံ၊ လူထုလူတန်းစားပေါင်းစုံ ပါဝင်သော အသင်းဝင်များသည် အသင်းကြီးက ပြည်သူများအကျိုးအတွက် နှစ်စဉ်ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များအတိုင်း နယ်မြေဒေသအသီးသီး၏ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နေကြပြီ ဖြစ်ကြောင်း။

ဝိုင်းဝန်းအကောင်အထည်ဖော်

အသင်းကြီးစတင်ဖွဲ့စည်းချိန်ကစပြီး ၁၄နှစ်တာကာလအတွင်း ပြည်သူများလိုလားသည့် တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုများ ရရှိစေရေးအတွက် ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်ရုံသာမကဘဲ ပြည်သူများအတွင်းက စိတ်ကောင်းစေတနာမှန်နှင့် အကောင်အထည်ဖော် ဆောင်ရွက်လိုသူများ တိုးပွားလာရေးကိုလည်း စည်းရုံးရေးနည်းလမ်းဖြင့် အထောက်အကူပြုနိုင်ခဲ့ကြကြောင်း၊ ပြည်သူများ၏ ယုံကြည်မှု၊ ပူးပေါင်းဆောင်ရွက်မှုများကိုလည်း တိုးမြှင့်ရရှိနေပြီဖြစ်သည့်အတွက် အသင်းဝင်အင်အားသည်လည်း ၂၄သန်းကျော်၊ ၂၅သန်းနီးပါးအထိ တိုးတက်လာပြီဖြစ်ကြောင်း၊ ယခုဆိုလျှင် အသင်းဝင်များသည် အသင်းကြီးက ပြည်သူများအကျိုးအတွက် ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များအတိုင်း မှန်ကန်သည့်အသိ၊ ကြံ့ခိုင်သည့်စိတ်ဓာတ်များဖြင့် နယ်ပယ်စုံ၊ ကဏ္ဍစုံ၌ ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်နေကြပြီဖြစ်ကြောင်း။

နိုင်ငံတော်သစ် တည်ဆောက်ရေးလုပ်ငန်းစဉ်ကြီးသည် မျိုးဆက်တစ်ခုက မျိုးဆက်သစ်တစ်ခုဆီကို လက်ဆင့်ကမ်းပြီး စဉ်ဆက်မပြတ် အကောင်အထည်ဖော်ကြရသည့် လုပ်ငန်းကြီးဖြစ်ကြောင်း၊ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကာလ သုံးပါးစလုံး စဉ်ဆက်မပြတ် ဆောင်ရွက်နေကြရမည့် လုပ်ငန်းကြီးလည်း ဖြစ်ကြောင်း၊ အတိတ်ကာလ၏ကောင်းမွေ၊ ဆိုးမွေများကိုပစ်ပယ်၍မရဘဲ အနာဂတ်ကာလတွင် နိုင်ငံတော်ကြီးရေရှည်တည်တံ့ခိုင်မြဲစေရန်၊ အစဉ်ဖွံ့ဖြိုးတိုးတက်စေရန်၊ ပစ္စုပ္ပန်ကာလတွင် ခိုင်မာသည့်အခြေခံကောင်းများရကြရန် ကြိုးပမ်းကြရခြင်း ဖြစ်ကြောင်း၊ ပြည်တွင်းက စစ်မှန်သည့်အင်အားများဖြစ်သည့် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူတို့ ပူးပေါင်းလက်တွဲဆောင်ရွက်ရာတွင် တိကျသော အမျိုးသားရေး ရည်မှန်းချက်ပန်းတိုင်၊ မှန်ကန်ခိုင်မာသည့် အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေးသုံးပါး၊ ပကတိအခြေအနေနှင့်ကိုက်ညီသည့် နိုင်ငံတော်တည်ဆောက်ရေးဆိုင်ရာ ကိုယ်ပိုင်လမ်းစဉ်များဖြစ်သည့် ဦးတည်ချက် (၁၂)ရပ်၊ အမြော်အမြင်ကြီးမားသည့် ခေါင်းဆောင်မှုနှင့် စေတနာပါသော လက်တွေ့ဆောင်ရွက်မှုများကြောင့် မည်သည့်ခေတ်၊ မည်သည့်အခါကနှင့်မှ မတူသော တည်ငြိမ်အေးချမ်းမှုနှင့် ဘက်စုံကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်မှုများ ရရှိနေပြီဆိုသည်ကို ပြည်သူများထဲက ပြည်သူများဖြစ်ကြသည့် အသင်းဝင်များကိုယ်တိုင် တွေ့မြင်ခံစားနေကြရပြီဖြစ်ကြောင်း။

ထိန်းသိမ်းကာကွယ်

ရရှိပြီးဖြစ်သည့် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများကို လျော့ပါးနိမ့်ကျမသွားရစေရန် ထိန်းသိမ်းကာကွယ်ပြီး အမိနိုင်ငံတော်ကြီး ပိုမိုတည်ငြိမ်အေးချမ်းစေရေး၊ ပိုမိုဖွံ့ဖြိုးတိုးတက်မှုရှိစေရေးတို့အတွက် ကြည်လင်သည့်အမြင်၊ မှန်ကန်သည့်အသိတရားတို့ဖြင့် ဆက်လက်ကြိုးပမ်းသွားကြရမည် ဖြစ်ကြောင်း။

အသင်းဝင်များသည် နိုင်ငံတော်၏ ပကတိဖြစ်ပေါ်တိုးတက်ပြောင်းလဲမှု အခြေအနေများကို မှန်ကန်စွာ ရှုမြင်သုံးသပ်နိုင်ကြသူများဖြစ်ကြသည့်အတိုင်း ယုံကြည်ချက်၊ ခံယူချက် ခိုင်မာစွာဖြင့်ရည်မှန်းချက်ကို အောင်မြင်စေရန် ပြည်သူများနှင့်လက်တွဲပြီး တိုးမြှင့်အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ ၂၄သန်းကျော်ရှိနေပြီဖြစ်သည့် အသင်းဝင်များသည် အရေအတွက်အားဖြင့် များပြားသကဲ့သို့ အရည်အချင်း ပြည့်ဝသော အမျိုးသားရေးအင်အားစုကြီးအဖြစ် ထာဝစဉ်ရပ်တည်ပြီး နိုင်ငံတော်အတွက် အလုပ်အကျွေးပြုကြရမည် ဖြစ်ကြောင်း။

ပိုမိုသယ်ပိုးရွက်ဆောင်

လေ့ကျင့်မှုတိုင်းသည် တက်ရောက်ကြသူတစ်ဦးချင်း၏ အရည်အချင်းများ တိုးတက်မြင့်မားမှုကို ရရှိစေမည်ဖြစ်ကြောင်း၊ အသင်းကြီးကို အသင်းဝင်များနှင့် ဖွဲ့စည်းထားခြင်းဖြစ်သည့်အတွက် အသင်းဝင်များ၏ အရည်အချင်းများတိုးတက်လာသည်နှင့်အမျှ အသင်းကြီး၏ စွမ်းဆောင်မှုလည်း ပိုမိုမြင့်မားလာမည် ဖြစ်ကြောင်း၊ အသင်းကြီး၏စွမ်းဆောင်မှုမြင့်မားလာသည်နှင့်အမျှ နိုင်ငံတော်နှင့် ပြည်သူများ အကျိုးအတွက် ပိုမိုသယ်ပိုးရွက်ဆောင်လာနိုင်မည်ဖြစ်ကြောင်း။

သင်တန်းတက်ရောက်လာကြသူများသည် နိုင်ငံတော်၏ဒေသအသီးသီး၌ ရှိနေကြသည့် အသင်းအဆင့်ဆင့်တွင် ဦးဆောင်ဦးရွက်ပြုနေကြသူများ ဖြစ်ကြသည့်အတွက် ထိုက်သင့်သည့် အတွေ့အကြုံ ရှိနေကြသူများဖြစ်ကြကြောင်း၊ သင်တန်းက ဆွေးနွေးပို့ချမှုများကို မိမိတို့အတွေ့အကြုံနှင့် ပေါင်းစပ်ပြီး အရည်အချင်းပြည့်ဝသည့် နိုင်ငံ့သားကောင်းများအဖြစ် မိမိတို့ပြည်သူများ၏အကျိုး ပိုမိုသယ်ပိုးနိုင်စေရန် လေ့လာသွားကြရန် မှာကြားလိုကြောင်း။

မူဝါဒလမ်းစဉ်(၇)ရပ်

လက်ရှိကာလသည် ပြည်သူများလိုလားသည့် အနာဂတ်နိုင်ငံတော်သစ်ကြီးကို ကူးပြောင်းတည်ဆောက်နေသော ကာလဖြစ်ကြောင်း၊ နိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် အခြေခံကောင်းများဖြစ်သည့် နိုင်ငံတော်တည်ငြိမ်ရေး၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ စီးပွားရေးခိုင်မာတောင့်တင်းရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ရင်း နိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ချမှတ်ပြီး အစီအစဉ်ရှိရှိ ဆောင်ရွက်နေသည့်ကာလ ဖြစ်ကြောင်း။

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်သည် နိုင်ငံတော်သစ်ကြီးအဖြစ် ညင်သာစွာ ကူးပြောင်းနိုင်ရေးအတွက် တစ်ခုတည်းသောနည်းလမ်းဖြစ်သည်ဟု မိမိတို့အားလုံး ယုံကြည်ခံယူထားပြီး ဖြစ်ကြောင်း။

တက်ကြွစွာပါဝင်

မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမအဆင့်နှင့် အရေးအကြီးဆုံးအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီးကို အနှောင့်အယှက်အခက်အခဲများကြားက ကာလကြာမြင့်စွာ ကျင်းပခဲ့ရပြီး ၂၀၀၇ခုနှစ် စက်တင်ဘာလတွင် အောင်မြင်စွာပြီးစီးခဲ့ပြီဖြစ်ကြောင်း၊ အနာဂတ်နိုင်ငံတော်သစ်ကြီး တည်ဆောက်အကောင်အထည်ဖော်ရာတွင် မရှိမဖြစ်လိုအပ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကြီး ရေးဆွဲနိုင်စေရန် အစုအဖွဲ့ပေါင်းရှစ်ဖွဲ့ဖြင့် ပြည်သူ့ကိုယ်စားလှယ်ပေါင်း ၁၀၀၀ ကျော်က မျက်နှာစုံညီ ညှိနှိုင်းဆွေးနွေး ဆုံးဖြတ်နိုင်ခဲ့ကြခြင်းဖြစ်ကြောင်း၊ ဆွေးနွေးဆုံးဖြတ်ချက်များသည် တစ်ဦးကောင်း၊ တစ်ယောက်ကောင်းဆုံးဖြတ်မှုများမဟုတ်ဘဲ တလုံးတစည်းသော ပြည်ထောင်စုကြီးအကျိုးအတွက် အမျိုးသားရေးအသိစိတ်ဓာတ်ဖြင့် ပြည်သူ့ကိုယ်စားလှယ်များ စုံညီစွာဆွေးနွေးဆုံးဖြတ်နိုင်ခဲ့ခြင်း ဖြစ်သည့်အတွက် အနာဂတ်နိုင်ငံတော်သစ်ကြီး၏ ခိုင်မာအရေးပါသော အခြေခံတစ်ခုကို အောင်မြင်စွာ ချမှတ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ အမျိုးသားညီလာခံကြီး အောင်မြင်စွာကျင်းပနိုင်ခဲ့မှုနှင့်ပေါ်ပေါက်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကြီးကို ထောက်ခံကြိုဆိုကြသည့် ပွဲကြီးများကို ပြည်နယ်၊တိုင်းအသီးသီးရှိ ပြည်သူများက ကျင်းပရာတွင်လည်း အသင်းဝင်များက တက်ကြွစွာပါဝင်ခဲ့ကြပြီးဖြစ်ကြောင်း။

မွန်မြတ်သောဆောင်ရွက်ချက်

မျက်မှောက်ကာလ၏ ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုများသည် အမျိုးသားရေးပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဆီသို့ ဦးတည်ရွေ့ရှုနေပြီဖြစ်ကြောင်း၊ ချမှတ်ထားသည့် မူဝါဒလမ်းစဉ် (၇)ရပ်အတိုင်း တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်မူကြမ်းအား ပြည်လုံးကျွတ်ဆန္ဒခံယူနိုင်ရန်အတွက် ၂၀၀၈ခုနှစ် မေလတွင်ပြုလုပ်မည်ဖြစ်ကြောင်းနှင့် ပေါ်ပေါက်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ပါတီစုံအထွေထွေရွေးကောက်ပွဲကို ၂၀၁၀ခုနှစ်တွင် ကျင်းပမည်ဖြစ်ကြောင်း တို့ကို နိုင်ငံတော်က ရှင်းလင်းပြတ်သားစွာ အသိပေးထုတ်ပြန်ခဲ့ပြီးဖြစ်သည်ဆိုသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ တပ်မတော်အစိုးရအနေဖြင့် နိုင်ငံတော်သစ်အတွက် ထိုက်သင့်သော အခြေခံကောင်းများ တည်ဆောက်ပေးခဲ့ပြီးဖြစ်သည့်အတွက် နိုင်ငံတော်အာဏာကို ပိုင်ရှင်အစစ်အမှန်ဖြစ်သော ပြည်သူများထံစနစ်တကျပြန်လည်အပ်နှင်းနိုင်ရေးအတွက် မွန်မြတ်သောဆောင်ရွက်ချက်များဖြစ်သည့်အတွက် အသင်းကြီးကလှိုက်လှဲစွာကြိုဆိုဂုဏ်ပြုပါကြောင်းကိုလည်းပြောကြားလိုကြောင်း၊ အသင်းဝင်အားလုံး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကြီးအောင်မြင်စေရန်၊ ပါတီစုံအထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စေရန် ပြည်သူများနှင့်အတူ ဝိုင်းဝန်းပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကိုလည်း ပြောကြားလိုကြောင်း။

နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုများနှင့် အနာဂတ်နိုင်ငံတော်သစ်ကြီးပေါ်ထွန်းလာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုအခြေအနေများသည် တစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ခုက လိုရာဆွဲပြောနေကြသော အကြောင်းအရာများမဟုတ်ဘဲ စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်၊ မွန်မြတ်သောစေတနာနှင့် ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံး၏ အကျိုးစီးပွားအတွက် လက်တွေ့ဆောင်ရွက်ရာက ဖြစ်ပေါ်လာသည့် ပကတိအခြေအနေများဖြစ်ကြောင်း၊ အတ္တစွဲ၊ ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲ၊ ဂိုဏ်းဂဏစွဲများမပါဘဲ နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားအတွက် စဉ်တိုက်ဆက်တိုက် ကိုယ်ပိုင်စွမ်းအားဖြင့် ကြိုးပမ်းဆောင်ရွက်ရာက ရရှိလာသည့် အကျိုး တရားများဖြစ်ကြောင်း၊ မိမိတို့အားလုံး ပိုမိုတိုးတက်သော အခြေအနေကောင်းများရစေရန် ကြိုးပမ်းသွားကြရဦးမည်ဖြစ်ကြောင်း။

တိုးမြှင့်ဆောင်ရွက်

နိုင်ငံတော်က တစ်နိုင်ငံလုံးကွက်လပ်မကျန် ဖွံ့ဖြိုးတိုးတက်စေရန် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေသည့် အထူးဒေသကြီး၂၄ခု စီမံကိန်း၊ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင်လည်း ပိုမိုတိုးမြှင့် ပါဝင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ပြည်သူများ၏ စီးပွားရေးအခွင့်အလမ်းများ၊ ကျန်းမာရေးနှင့်လူမှုရေးအခွင့်အလမ်းများ၊ ပညာသင်ကြားရေးအခွင့်အလမ်းများ တိုးတက်ရရှိရေးအတွက်လည်း ဝိုင်းဝန်းပါဝင် ဆောင်ရွက်သွားမှုကိုလည်း တိုးမြှင့်ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ ရည်ရွယ်ချက်တူသည့် အသင်းအဖွဲ့များနှင့်လည်း ပိုမိုလက်တွဲဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

နိုင်ငံတော်သစ် တည်ဆောက်ရာတွင် တစ်ဆင့်ပြီးတစ်ဆင့် ညင်သာစွာ အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်သစ်တည်ဆောက်ရေးလုပ်ငန်းစဉ်ကြီး အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တွေ့ကြုံ လေ့ရှိသော အခက်အခဲအတားအဆီး ပြဿနာမှန်သမျှသည် နိုင်ငံတော်၊ တပ်မတော်နှင့်ပြည်သူတို့က နိုင်နင်းစွာ ဖြေရှင်းနိုင်သော ပြည်တွင်းရေးသာ ဖြစ်သည်ဟု ပြတ်သားစွာခံယူထားပြီးဖြစ်ကြောင်း၊ တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေသော သွေးထိုး၊ လှုံ့ဆော်၊ ဆူပူအကြမ်းဖက်မှုများသည် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးအဖြစ် ပုံဖော်တည်ဆောက်မှုကို ပျက်ပြားမှုမရှိနိုင်သော်လည်း နှောင့်နှေးမှုကို ဖြစ်ပေါ်စေနိုင်သည့်အတွက် ဂရုပြုကြရမည်ဖြစ်ကြောင်း။

တက်ကြွစွာပါဝင်ဆောင်ရွက်

အသင်းဝင်များအနေဖြင့် နိုင်ငံတော်နှင့် ပြည်သူများ၏ အကျိုးကို ဦးထိပ်ထားပြီး ယုံကြည်ချက်၊ ခံယူချက်ခိုင်မာစွာဖြင့် နိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် ကျရာကဏ္ဍက တက်ကြွစွာ ပါဝင်ဆောင်ရွက်သွားကြရေးကိုလည်း မှာကြားလိုကြောင်း၊ နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် အဖျက်လုပ်ရပ်မှန်သမျှကိုလည်း စွန့်လွှတ်စွန့်စားရဲသည့် သတ္တိစိတ်ဖြင့် အောင်မြင်စွာကာကွယ်သွားကြရန်ကိုလည်း မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေနှင့် မှာကြားလိုသည်မှာ–

- **အနာဂတ်နိုင်ငံတော်သစ်ကြီး ပုံဖော်တည်ဆောက်ရာတွင် အရေးပါသည့် အချိန်အခါနှင့် ကြုံကြိုက်နေခြင်းဖြစ်သည့်အတွက် ရည်မှန်းချက်ကို မျက်ခြည်မပြတ်ဘဲ စွဲမြဲခိုင်မာသော ယုံကြည်ချက်၊ ခံယူချက်များဖြင့် ဝိုင်းဝန်းပါဝင်ဆောင်ရွက်သွားကြပါ။**
- **ပြည်သူများ ရရှိခံစားနေကြရသည့် တည်ငြိမ်အေးချမ်းမှုနှင့်ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများကို လျော့ပါးဆုံးရှုံးမှုမရှိအောင် ကာကွယ်ပြီး ပိုမိုတိုးတက်အောင်ဆောင်ရွက်သွားကြပါ။**
- **နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် မလွဲမသွေဆောင်ရွက်ရမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အား ပြည်လုံးကျွတ်ဆန္ဒခံယူပြီး အောင်မြင်စွာ အတည်ပြုနိုင်ရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ ပြုလုပ်မည့်ပါတီစုံ အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကျရာကဏ္ဍက တက်တက်ကြွကြွအင်တိုက်အားတိုက်ဆောင်ရွက်သွားကြပါ။**
- **နိုင်ငံတော်နှင့် ပြည်သူများ၏ အကျိုးစီးပွားအတွက် ထိပါးနှောင့်ယှက်နိုင်သော အဖျက်လုပ်ရပ်များနှင့် ဘက်လိုက်စွက်ဖက်မှုများအား စွန့်လွှတ်စွန့်စားသော သတ္တိစိတ်ဓာတ်ဖြင့် ပြည်သူများနှင့်လက်တွဲပြီး ဝိုင်းဝန်းကာကွယ်တားဆီးသွားကြပါ။**
- **အသင်းကြီးကချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များအတိုင်း ပြည်သူများ၏ စီးပွားရေးအခွင့်အလမ်း၊ ကျန်းမာရေးနှင့် လူမှုရေးအခွင့်အလမ်း၊ ပညာသင်ကြားမှုအခွင့်အလမ်းများ တိုးတက်ရရှိစေရေးအတွက် ပြည်သူများနှင့်အတူ ဝိုင်းဝန်းပါဝင်ဆောင်ရွက်သွားကြပါ**

ဟု တိုက်တွန်းပြောကြားသည်။

အဆိုပါသင်တန်းသို့ ပြည်နယ်နှင့်တိုင်းများမှ သင်တန်းသား သင်တန်းသူ ၂၀၀တို့တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ လေးပတ်ကြာမြင့်မည်ဖြစ်သည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် ကျောက်ကုန်း မင်္ဂလမ်းနေ ဦးချစ်လွင်–ဒေါ်သန်းမြ၊ သား မောင်အောင်ကျော်မိုးမိသားစုက ကြေးပိဋကတ် သုတ္တန္တပိဋကဝင် သဂါထာဝဂ္ဂပါဠိတော်ခြောက်ချပ် တန်ဖိုးငွေကျပ် ၁၅၀၀၀၀ကို လှူဒါန်းရာ ကြေးပိဋကတ်တော် ပြုလုပ်လှူဒါန်းရေး ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏ (အစိုးရဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ)ထံ လှူဒါန်းရာ ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။ (က–ပ)

ဇမ္ဗူအေး နှစ်ထပ်သိမ်တော်ကြီး မဟာရံတံတိုင်းအတွက် ငွေလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် (ဈ)ရပ်ကွက် ဇမ္ဗူအေး ကျောင်းတိုက်အတွင်းဆောက်လုပ်လျက်ရှိသော သီလဝိသောဓနီ နှစ်ထပ်သိမ်တော်ကြီးတွင် မဟာရံတံတိုင်းနှစ်ခန်းအတွက် အလှူငွေကျပ်နှစ်သိန်းကို (ဈ)ရပ်ကွက်၊ စက္ကဝတ်(၂)လမ်း၊ အမှတ်၂၆၂နေ ဦးလှစိန်–ဒေါ်အေးမြင့်(ယမင်းသူဇာ ငရုတ်သီးမှုန့်)မိသားစုက ဦးဆောင်နာယကဆရာတော် ဘဒ္ဒန္တသုမင်္ဂလဗုဒ္ဓိ ရှေ့မှောက်တွင် ပေးအပ်လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌဦးဘချိုက လက်ခံယူသည်။ **(ယာပုံ)**

ရန်ကုန်တိုင်း အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ်(ဈ)ရပ်ကွက် ဇမ္ဗူအေးကျောင်းတိုက်အတွင်း တည်ဆောက်လျက်ရှိသော သီလဝိသောဓနီ နှစ်ထပ်သိမ်တော်ကြီးတွင် အပေါ်ထပ်၊ အောက်ထပ် ကြွေပြားခင်းခြင်းလုပ်ငန်းနှင့် မဟာရံတံတိုင်းဆောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ တစ်ပေပတ်လည် ကြွေပြားတစ်ချပ်ငွေကျပ်တစ်ထောင်နှုန်း၊ ၁၀ ပေပတ်လည် တစ်ခန်းအတွက်ငွေကျပ်တစ်သိန်းနှင့် မဟာရံတံတိုင်း တစ်ခန်းအတွက် ငွေကျပ်တစ်သိန်းဖြင့် လှူဒါန်းလိုပါလျှင် ဦးဆောင်နာယကဆရာတော် ဘဒ္ဒန္တသုမင်္ဂလဗုဒ္ဓိ(ရတနာဇေယျကျောင်း) ဖုန်း–၆၉၀၁၂၄ သို့ ဆက်သွယ်လှူဒါန်းကြရန် သိမ်တော်ကြီးတည်ဆောက်ရေးအဖွဲ့မှ နှိုးဆော်ထားကြောင်း သိရသည်။ **(က–ပ)**

ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်း ရဲရွာရေအားလျှပ်စစ်စီမံကိန်းစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၉

အမှတ် (၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်းသည် ဖေဖော်ဝါရီ၁၆ရက်နံနက်ပိုင်းက မန္တလေးမြို့ အရှေ့တောင်ဘက် ၃၁မိုင် အကွာ ရဲ–ယမန်းရွာအနီး မြစ်ငယ်မြစ်ပေါ်၌ တည်ဆောက် အကောင်အထည်ဖော်လျက်ရှိသော ရဲရွာရေအားလျှပ်စစ်စီမံကိန်းသို့ရောက်ရှိရာ ဝန်ကြီးအား ရှင်းလင်းဆောင်၌ တည်ဆောက်ရေး(၂) ညွှန်ကြားရေးမှူး ဦးမြင့်ဇော်က စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်နေသည့်လုပ်ငန်းများ၊ စက်ပစ္စည်းများ ရောက်ရှိမှုနှင့် စီမံကိန်းသို့သယ်ယူရန် စီစဉ်ဆောင်ရွက်ထားမှုတို့ကို ရှင်းလင်းတင်ပြရာ ဝန်ကြီးကသတ်မှတ်ကာလအတွင်း ပြီးစီးရမည့် လုပ်ငန်းများကို အပိုင်းလိုက်ပြီးစီးအောင် ဆောင်ရွက်ရန်မှာကြားပြီး စီမံကိန်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ဝန်ကြီးသည် Penstock Pipe များ တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ ကွန်ကရစ်လုပ်ငန်း ဆောင်ရွက်နေမှု၊ RCC သွန်းလောင်းနေမှု၊ RCC Dam ပေါ်၌ CVC ကွန်ကရစ်သွန်းလောင်း၍ Flit Bucket နှင့် Spillway တည်ဆောက်မှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**

ဆက်လက်၍ ဝန်ကြီးသည် တမံ၏ဥမင်အတွင်းသို့ ဝင်ရောက်ပြီး Bottom Outlet Gate Chamber များ တပ်ဆင်ရန် လုပ်ငန်းဆောင်ရွက်မှု၊ EL- 85 ရှုရပ်မှနေ၍ ဓာတ်အားပေးစက်ရုံ တည်ဆောက်ခြင်းလုပ်ငန်း၊ ဓာတ်အားပေးစက်ရုံ Unit 1, Unit 2, Unit 3 တို့၌ Machine Bay ကွန်ကရစ်သွန်းလောင်း ခြင်းလုပ်ငန်း၊ ဓာတ်အားပေးစက်ရုံ ရေထုတ်မြောင်း၊ မြေကြီးကျောက်သား တူးဖော်ခြင်းလုပ်ငန်း၊ သံမဏိပိုက်လုံးများ ထုတ်လုပ်နေသော အလုပ်ရုံ၊ ဓာတ်အားပေးစက်ရုံ၌ အသုံးပြုမည့် အုတ်ဘလောက်တုံးစက်ရုံ စမ်းသပ်ထုတ်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည်ရှင်းလင်းဆောင်၌ စီမံကိန်းတွင် တာဝန်ထမ်းဆောင်နေကြသော အင်ဂျင်နီယာများနှင့်ဝန်ထမ်းများအား တွေ့ဆုံဆွေးနွေးမှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

ထုတ်လုပ်ဖြန့်ဖြူးပေး

ရဲရွာရေအားလျှပ်စစ်စီမံကိန်းပြီးစီးပါက စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၇၉၀မှ နှစ်စဉ်လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၃၅၅၀ခန့် ထုတ်လုပ်ဖြန့်ဖြူးပေးမည့် စီမံကိန်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြင်းခြံနှင့်တောင်သာမြို့ရှိ စက်ရုံများ ဝန်ကြီးဦးအောင်သောင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၉

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းသည် ဖေဖော်ဝါရီ ၁၇ရက်က မြန်မာ့အထည်အလိပ်လုပ်ငန်း မြင်းခြံ ဝါကြိတ်စက်ရုံသို့လည်းကောင်း၊ **(အပေါ်ပုံ)** မြန်မာ့အထည်အလိပ်လုပ်ငန်း အထည်နှင့် ဆေးဆိုးပန်းရိုက် စက်ရုံ(မြင်းခြံ)သို့လည်းကောင်း၊ မြန်မာ့အထည်အလိပ်လုပ်ငန်း စွပ်ကျယ်စက်ရုံ (တောင်သာ) သို့လည်းကောင်း သွားရောက် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြည့်ရှု

ထို့နောက် ဝန်ကြီးသည် တောင်သာမြို့ ရေတိုးချဲ့ပေးဝေရေး လုပ်ငန်းအတွက် အသုံးပြုရန် ဘုန်းဇော်ဆည်၏ ရေသိုလှောင်ထားနိုင်မှုနှင့် ရေရရှိနိုင်မှု ပတ်ဝန်းကျင် အခြေအနေများကိုလည်းကောင်း၊ တောင်သာမြို့နယ် ဝဲလောင်ကျေးရွာအနီး ဒေသခံတောင်သူများ စိုက်ပျိုးထားသော ဆင်တဲဝချောင်း၊ သဲသောင်ခုံ၌ ကြက်သွန်စိုက်ခင်းများ ဖြစ်ထွန်းအောင်မြင်နေမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ကာကွယ်ရေးဝန်ကြီးဌာန နေပြည်တော်က ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန် (ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ်သုံးသိန်း လှူဒါန်းရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌကိုယ်စား အုပ်ချုပ်ရေးမှူးဦးပြီး လက်ခံယူစဉ်။(က–ပ)

မူးယစ်ကင်းစင် အလှဆင်

အပူပိုင်းဇုန် ကျေးလက်ရေရရှိရေး နည်းပညာလွှဲပြောင်းရရှိမှု ဆွေးနွေးပွဲ

နေပြည်တော် ဖေဖော်ဝါရီ ၁၉

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေး ဝန်ကြီးဌာနနှင့် Japan International Cooperation Agency (JICA)တို့ ပူးပေါင်းဆောင်ရွက်သည့် အပူပိုင်းဇုန် ကျေးလက်ရေရရှိရေး နည်းပညာ စီမံကိန်း၏ ပထမအကြိမ်မြောက် နည်းပညာလွှဲပြောင်းရရှိမှုဆွေးနွေးပွဲကို နေပြည်တော် သင်္ဂဟဟိုတယ် အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ၁၄ ရက် နံနက်ပိုင်းကကျင်းပရာ စည်ပင်သာယာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့် တက်ရောက်၍ အမှာစကား ပြောကြားသည်။ **(အောက်ပုံ)**

ဆွေးနွေး

ထို့နောက် JICAရုံးချုပ်မှ ဒုတိယဌာနေကိုယ်စားလှယ် Mr. Sato နှင့် JICA(မြန်မာ)ရုံးမှ ကျွမ်းကျင်မှုပညာရှင် Mr.Matsumoto တို့က နည်းပညာနှင့် ပူးပေါင်းဆောင်ရွက်မှု၊ သင်ကြားပို့ချမှုဆိုင်ရာများအား ဆွေးနွေးပြောကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် သင်တန်းသားခြောက်ဦးက ဇလဘူမိဗေဒဆိုင်ရာအချက်အလက်များ မြေအောက်ရေ တိုင်းတာခြင်း၊တွင်းသစ်တူးဖော်ခြင်း၊ တွင်းဟောင်းများ အဆင့်မြှင့်ပြင်ဆင်ခြင်း၊ စက်ရေတွင်းများ ပုံမှန်လည်ပတ်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းနှင့် ပြင်ဆင်ရေး အလုပ်ရုံဆိုင်ရာ လေ့လာ တွေ့ရှိချက်များကို ရှင်းလင်းတင်ပြသည်။ **(သတင်းစဉ်)**

ဖျာပုံမြို့ သမိန်ထော-ကနိကျေးရွာ တံတားဖွင့်

ဖျာပုံ ဖေဖော်ဝါရီ ၁၅

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ဖျာပုံမြို့နယ် သမိန်ထော-ကနိကျေးရွာတံတားဖွင့်ပွဲနှင့် ကျုံကဒွန်းကျေးရွာအဝင် ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ၁၂ရက် နံနက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးမြင့်ဇော်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဝင်းမြင့်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါ ဖွင့်လှစ်သည့် သမိန်ထော-ကနိတံတားမှာ အရှည် ၁၀ပေ၊ အကျယ် ၁၂ပေ သံကူကွန်ကရစ်တံတားဖြစ်ပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၁ဒသမ၅သိန်းနှင့် ဒေသခံပြည်သူများ ထည့်ဝင်ငွေကျပ် ၁၀ဒသမ ၅သိန်းဖြင့် ဆောင်ရွက်ခဲ့သည်။ ကျုံကဒွန်းကျေးရွာအဝင် ကတ္တရာလမ်းမှာ အရှည် ၇၅၈ပေ၊ အကျယ် ၁၀ပေဖြစ်ပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ငွေကျပ် ၅၇ဒသမ၀၇သိန်းဖြင့် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

သာစည်မြို့နယ်ဆေးရုံသို့ အောက်ဆီဂျင်စက်ပေးအပ်

သာစည် ဖေဖော်ဝါရီ ၂

ဖခင်ကြီး ဦးဟုတ်ပိန်(ခ)ဦးမြသောင်း ကွယ်လွန်သည့် (၁၁)နှစ်မြောက် နှစ်ပတ်လည် အထိမ်းအမှတ်အဖြစ် ကျန်ရစ်သူ ရွှေနဂါးမိသားစုကုမ္ပဏီပိုင်ရှင် ဇနီးဖြစ်သူ ဒေါ်အင်ဖိတ်ဘိနှင့် သားသမီး၊မြေးတစ်စုတို့က သာစည်မြို့နယ်ပြည်သူ့ဆေးရုံကြီးသို့ ငွေကျပ်၁၅သိန်းတန် အောက်ဆီဂျင်စက်တစ်လုံး၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ ငွေကျပ်၅၀၀၀၀ ပေးအပ်လှူဒါန်းပွဲကို ဇန်နဝါရီ၂၁ရက် နံနက်၉နာရီက မြို့နယ်ဆေးရုံကြီး နားနေဆောင်၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး အောင်သန်း၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အမှုဆောင်အဖွဲ့ဝင်များ၊ မြို့နယ်ဆရာဝန် ဒေါက်တာအေးမာကြည်၊ လက်ထောက် ဆရာဝန် ဒေါက်တာ စိုးဦးနှင့် ကျန်းမာရေးဝန်ထမ်းများနှင့် အလှူရှင် မိသားစုများ တက်ရောက်ကြပြီး မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် မြို့နယ်ဆရာဝန်တို့က ကျေးဇူးတင်စကားပြောကြားကြသည်။

ထို့နောက် အလှူရှင် ရွှေနဂါးမိသားစုကုမ္ပဏီပိုင်ရှင် ဒေါ်အင်ဖိတ်ဘိ၊ သားဖြစ်သူ ဦးဘဇံတို့က ဖခင်ကြီးအားရည်စူးပြီး ငွေကျပ်၁၅သိန်းတန် အောက်ဆီဂျင်စက်တစ်လုံးကို မြို့နယ်ဆရာဝန် ဒေါက်တာအေးမာကြည်ထံသို့လည်းကောင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အမှုဆောင်အဖွဲ့ဝင် ဒေါ်ယဉ်မြထံသို့ ငွေကျပ် ၅၀၀၀၀ကိုလည်းကောင်း ပေးအပ်လှူဒါန်းကြောင်း သိရသည်။ **(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

ရွှေဘိုခရိုင် စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ စည်းဝေး

ရွှေဘို ဇန်နဝါရီ ၃၁

ရွှေဘိုခရိုင် စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ အစည်းအဝေးကို ဇန်နဝါရီ၉ရက် နံနက်၁၁နာရီက ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအုန်းချိုက နွေစပါးများအချိန်မီစိုက်ပျိုးရေးနှင့် ၂၀၀၈ခုနှစ်တွင် ဆက်လက်ဆောင်ရွက်ရမည့် စိုက်ပျိုးရေးလုပ်ငန်း အစီအမံများကို ရှင်းလင်းမှာကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသော ရွှေဘို၊ ကန့်ဘလူ၊ ကျွန်းလှ၊ ခင်ဦး၊ တန့်ဆည်၊ ဒီပဲယင်း၊ ရေဦးနှင့်ဝက်လက်မြို့နယ်များမှ မြို့နယ်ဥက္ကဋ္ဌများနှင့်ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၏ တင်ပြချက်များကို ခရိုင်ဥက္ကဋ္ဌက ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာနှစ် လုပ်ငန်းဖြစ်သော နှစ်ကိုင်းကျေးရွာ စက်ရေတွင်းကို မွန်ပြည်နယ်စည်ပင် သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်လွင်တို့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်ထွန်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ဘောဇနဆောင်အတွက် ဆက်လက်လှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အမှတ် ၈၂ နတ်မောက်လမ်းရှိ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီးအတွင်း စုပေါင်းဆောင်ရွက် ဆောက်လုပ်နေပြီဖြစ်သော လေးထပ်ဘောဇနဆောင်အတွက် အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ မိုးကုတ်ဝိပဿနာကမ္မဋ္ဌာနာစရိယ တောရတပ်ဦးကျောင်းက ငွေကျပ်တစ်သိန်း၊ ဆရာတော်ဦးသိရိန္ဒ မော်လမြိုင်ကျွန်းမြို့က ငွေကျပ်တစ်သိန်း၊ ခမည်းတော်၊ မယ်တော်နှင့် သမည ဆရာတော် မိုးကုတ်ကျောင်းတိုက် မော်လမြိုင်ဈေးချိုက ငွေကျပ်တစ်သိန်း၊ ဖြေဆည်ရာ ဆရာတော်ဘဒ္ဒန္တသြဘာသ အောင်မြေဘုံသာတောင်ကျောင်းကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်က ငွေကျပ်တစ်သိန်း၊ ဦးအုန်းကြည်(ဥက္ကဋ္ဌ) မိုးကုတ်ဝိပဿနာဓမ္မရိပ်သာအဖွဲ့ခွဲအမှတ်(၃၇)လက်ပံတန်း၊ ဒေါ်စိန်မြ စိန်ရွှေရတနာဆိုင်မိသားစုက ငွေကျပ်တစ်သိန်း၊ ဆရာတော်ဦးနန္ဒိမာဝံသ တာချီလိတ်က ငွေကျပ်တစ်သိန်း၊ ကိုသန်းဌေးအောင် အင်းစိန်က အနီရောင်ကျောက်ပါ ရွှေသားလက်စွပ်တစ်ကွင်းတို့ကို လှူဒါန်းကြသည်။ အဆိုပါဘောဇနဆောင်အတွက်စုပေါင်းဆောင်ရွက်လိုပါက ဖုန်း-၅၄၁၈၆၀သို့ဆက်သွယ်နိုင်ကြောင်းသိရသည်။ **(က-ပ)**

စစ်ကိုင်းတိုင်း ကလေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော မြို့ပတ်လမ်း ကတ္တရာလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမိုးဟိန်းနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးဝင်းမြင့်အောင်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

သပိတ်ကျင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော မှန်သာ(၃)လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို ဇန်နဝါရီ ၃၀ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးဟန်နှင့်အမှုဆောင်အရာရှိ ဦးကျော့ချိုမျိုးမြင့်တို့ ကွင်းဆင်း စစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်ဇင်ဇင်သက်က ရှင်းလင်း တင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပျော်ဘွယ်မြို့၌ စာပေဟောပြော

ပျော်ဘွယ် ဖေဖော်ဝါရီ ၈

ပျော်ဘွယ်မြို့နယ် စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲကို ဇန်နဝါရီ၃၀ရက် ညရနာရီက အမေထိန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်လှမြင့်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းဌေး၊ ဌာနဆိုင်ရာများနှင့် စာပေဝါသနာရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် စာရေးဆရာ ဂုဏ်ထူး ဦးသိန်းနိုင်၊ မနှင်းဖွေးနှင့် မသန္တာတို့က စာပေရေးရာများ ဟောပြောကြကြောင်း သိရသည်။ **(ဝ၈၅)**

ရန် ကုန် တိုင်း တွံတေးမြို့ ကျွန်းတောရပ်ကွက်ရှိ သမိုင်းဝင် ဆုတောင်းပြည့် ရုပ်စုံစေတီတော်မြတ်၏ (၁၄)ကြိမ်မြောက် ဗုဒ္ဓပူဇနိယ ပွဲတော် ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ၁၉ရက်က ကျင်းပရာ တွံတေးမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်ဝင်း၊ ကျွန်းတော ရပ်ကွက် ဥက္ကဋ္ဌ ဦးစန်းကြည်နှင့် ပွဲတော်ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဦးလှသန်းတင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (၃၈၀)

ရွှေတောင်မြို့၌ ကျေးလက်ရေပေးရေး ညှိနှိုင်းဆောင်ရွက်

ရွှေတောင် ဖေဖော်ဝါရီ ၁၀

ရွှေတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းဇော်မိုးသည် ဇန်နဝါရီ၃၀ရက်က နွားခြံကုန်းအုပ်စု သာယာကုန်းကျေးရွာတွင် အဖွဲ့မှဆောင်ရွက်ပေးသော တစ်လက်မခွဲ လက်နှိပ်တုံကင်တွင်းသို့ သွားရောက်၍ ကျေးရွာတုံကင် ထိန်းသိမ်းရေးကော်မတီဝင်များနှင့် တွေ့ဆုံပြီး ကျေးရွာနေပြည်သူများ ရေသုံးစွဲမှုနှင့် သန့်ရှင်းသော သောက်သုံးရေ မပြတ်လပ်ရေး၊ တုံကင်ရေရှည်တည်တံ့ ကောင်းမွန်ရေးတို့အတွက် ကော်မတီဝင်များနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ပြီး လက်ထောက်အင်ဂျင်နီယာ ဦးသက်တင်နှင့်အတူ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ပိန်းဇလုပ်မြို့ ကျဉ်းချောင်းတံတား စုပေါင်းရေစက်ချ

ပိန်းဇလုပ် ဖေဖော်ဝါရီ ၁၃

ကျောက်တံခါးမြို့နယ် တောင်ခင်ကျေးရွာအုပ်စု ဘုရားငုတ်တိုကျေးရွာနှင့် ညောင်လေးပင်မြို့နယ် ပိန်းဇလုပ်၊ ခင်ကန့်လန့်နှင့် ရွာမကျေးရွာများသို့ ဆက်သွယ်သွားလာနိုင်သည့် ငွေကျပ်ခုနစ်သိန်းဖြင့် အကုန်အကျခံကာ စုပေါင်းဆောက်လုပ်လှူဒါန်းသည့် ကျဉ်းချောင်းချောင်းကူးတံတား ရေစက်ချပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၅ရက် နံနက် ၉နာရီက အလှူရှင်၏နေအိမ်၌ ကျင်းပသည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ ငါးဖယ်အင်းကျေးရွာ သန္တိသုခကျောင်းဆရာတော် ဘဒ္ဒန္တစန္ဒိမာနှင့် ပင့်သံဃာတော် ၁၀ပါးကြွရောက်တော်မူကြပြီး ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်မိသားစုများနှင့် ဝတ်အသင်းများ တက်ရောက်ကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် အလှူရှင် ဦးစောသန်းလှိုင်-ဒေါ်တင်အေးတို့က ပင့်သံဃာ ၁၀ပါးတို့အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)**
(က-ပ)

မြို့နယ် သတင်းများ

တည်ဆောက်ဆဲ မဟာစည်မမ္မဗိမာန်တော်ကြီးအတွက် ဒေါ်ခင်ခင်ထား (အတွင်းရေးမှူး၊ အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့၊ မဟာစည်သာသနာ့ရိပ်သာ)က ငွေကျပ် ၁၁၁၀၀၀ကို နာယက ဦးတင်ဝမ်၊ ဥက္ကဋ္ဌဦးဝန်းထိန်နှင့် တွဲဖက်အတွင်းရေးမှူး ဦးဖုန်းမြင့် (ဗုဒ္ဓသာသနာ့နုဂ္ဂဟအဖွဲ့ချုပ် မဟာစည်သာသနာ့ရိပ်သာ)တို့သို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ပန်းဘဲတန်းမြို့နယ် ၂၆လမ်း အမှတ်(၁၇) ဒေါ်ရှုရင် ရွှေမန်းနို့ဆီ မိသားစုက ရန်ကင်း ပြည်သာယာ (တာမွေလေး သံလမ်းအနီး) ရွှေပြည်ဟိန်း ကုသိုလ်ဖြစ်ဆေးခန်းအတွက် ငွေကျပ်သုံးသိန်းနှင့် ရွှေပြည်ဟိန်းကျောင်း သာယာ ရွှေပြည်စေတီတော် ရွှေသင်္ကန်းအတွက် ငွေကျပ်ငါးသောင်းကို ရွှေပြည်ဟိန်းဆရာတော်ထံလှူဒါန်းရာ မယ်တော်ကြီး ဒေါ်အမာက လက်ခံစဉ်။ (က-ပ)

ပတ်ဝန်းကျင်သန့်ရှင်းရေး ပညာပေးဟောပြော

တောင်ငူ ဖေဖော်ဝါရီ ၂

တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းဇော်ချစ်နှင့် ကျန်းမာရေးမှူး(၂) ဦးမြတ်သူတို့ ပါဝင်သောအဖွဲ့သည် ဇန်နဝါရီ ၁၂ ရက်က တောင်ငူမြို့နယ် မြွေရိုးကျေးရွာ၌ ပတ်ဝန်းကျင် သန့်ရှင်းရေးဆိုင်ရာ ပညာပေး ဟောပြောပွဲနှင့် ကျေးလက် ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်ထားခြင်းတို့ကို ကွင်းဆင်းစစ်ဆေးကြသည်။

(မြို့နယ်စည်ပင်)

မိတ္ထီလာ မြို့လုံးကျွတ် ဘုံဆွမ်းလောင်းလှူမည်

မိတ္ထီလာ ဖေဖော်ဝါရီ ၁၀

မန္တလေးတိုင်း မိတ္ထီလာမြို့နယ် ရန်အောင်မြင်စေတီတော်ကို အခြေခံ၍ ဖွဲ့စည်းသောရန်အောင်မြင်ဆွမ်းလောင်းအသင်းကြီး နှစ်(၆၀)ပြည့် အောင်ပွဲဆွမ်းလောင်းလှူခြင်း ကုသိုလ်အကျိုးရရှိကြစေရန် ရည်ရွယ်၍ စတုဒိသာ သံဃဒါန၊ နံနက်အရုဏ်ဆွမ်း ခုနစ်ရက်သားသမီးအများကောင်းမှု မြို့လုံးကျွတ် ဘုံဆွမ်းလောင်းလှူပွဲကို ၁၃၆၉ခု တပို့တွဲလပြည့်နေ့(ဖေဖော်ဝါရီ ၂၁ရက်) နံနက် ၅နာရီတွင် မိတ္ထီလာမြို့ ဈေးအရှေ့ပြင်နယ်မြေ ရန်အောင်မြင်ဘုရား မြောက်ဘက် ဆွမ်းလောင်းကွင်းပြင်၌ ကျင်းပမည်ဖြစ်သည်။

မိတ္ထီလာမြို့နေ ကုသိုလ်စေတနာရှင်များ၊ဆွမ်း၊ဆွမ်းဟင်းနှင့် ဝတ္ထုပစ္စည်းအစုစုတို့ကို လှူဒါန်းနိုင်ရန် နှိုးဆော်ထားကြောင်း သိရသည်။ **(ဝ၇၈)**

ဖေဖော်ဝါရီ ၁ရက်က အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်းဝင်းအတွင်း တိုးချဲ့မြေ၌ သံဃာသုခသုံးထပ်ကျောင်းဆောင်နှင့် အခြားသော သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် နှစ်ဖက်သော မိဘများအားရည်စူး၍ ရန်ကုန်တိုင်း တာမွေမြို့နယ် ဗျိုင်းရေအိုးစင်လမ်း အမှတ်(၃၃) ရှစ်လွှာနေ ဦးမြင့်လွင်-ဒေါ်သီဂီ၊ သား မောင်တင်ဝင်းလှိုင် (Uniteam)၊ သမီး မလွင်သီရိအောင် မိသားစုက အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့်(ဂမုန်းပွင့်ဘေးလမ်း)အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်

မြင်းခြံ ဇန်နဝါရီ ၂၀

မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ သန့်ရှင်းရေးဌာနစိတ် ဝန်ထမ်းများသည် မြို့တွင်းရှိ အများပြည်သူသုံးစွဲလျက်ရှိသော လမ်းဘေးရေနုတ်မြောင်းများ ရေမဝပ်စေရေး၊ ရေစီးဆင်းမှုကောင်းမွန်စေရေးအတွက် ရေမြောင်းအတွင်း အမှိုက်သရိုက် အညစ်အကြေးများနှင့် နုန်းများတူးဖော်ဆယ်ယူခြင်းလုပ်ငန်းကို ရပ်ကွက်အလိုက် တစ်လမ်းချင်း အပတ်စဉ် စီမံချက်များ ရေးဆွဲဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၅ ရက်က အမှတ်(၇)ရပ်ကွက် ၁၅ လမ်းအတွင်း တူးဖော်ဆောင်ရွက်မှုကို ဒုတိယဦးစီးမှူး(သန့်) ဦးမြင့်အောင်က ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မျက်စိဝေဒနာရှင်များ ခွဲစိတ်ကုသရေး အလှူငွေပေးအပ်

စဉ့်ကိုင် ဖေဖော်ဝါရီ ၈

စဉ့်ကိုင်မြို့ ပဏာမမျက်စိစောင့်ရှောက်မှုဆေးရုံကြီး၌ ခွဲစိတ်ကုသရန် လိုအပ်လျက်ရှိသော မျက်စိဝေဒနာရှင်များ အခမဲ့ခွဲစိတ်ကုသနိုင်ရေး အလှူငွေပေးအပ်ပွဲကို ဇန်နဝါရီ ၂၈ရက် နံနက် ၁၀နာရီက အဆိုပါဆေးရုံကြီး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးခင်ဇော်က အမှာစကားပြောကြားပြီး အလှူရှင်များကိုယ်စား အလှူရှင်ဦးခင်မောင်အေးက လှူဒါန်းရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ဦးခင်မောင်အေး- ဒေါ်ခင်မာကြူ မိသားစုက လူနာတစ်ဦး ခွဲစိတ်ကုန်ကျစရိတ် ငွေကျပ် ၃၅၀၀၀နှုန်းဖြင့် လူနာ ၁၀၀အတွက် အလှူငွေကျပ် ၃၅သိန်း၊ ဦးလှငွေ-ဒေါ်ယဉ်ယဉ်လှ ငွေးကုမ္ပဏီလီမိတက် ရန်ကုန်မြို့ မိသားစုက အလှူငွေကျပ် ၃၅သိန်း**(ယာပုံ)**၊ ဦးမောင်ဝိတ်မောင်ဝိတ်ကုမ္ပဏီ လီမိတက် ရန်ကုန်မြို့က လူနာ ၅၀အတွက် အလှူငွေကျပ် ၁၇သိန်း ငါးသောင်း၊ ဦးအောင်မြတ် Mother Tradingကုမ္ပဏီလီမိတက် ရန်ကုန်မြို့က လူနာ၄၀အတွက် အလှူငွေကျပ် ၁၄သိန်း၊ ဒေါက်တာအောင်လွင်-ဒေါ်သက်စန္ဒာ ပြည့်ဖြိုးထွန်းကုမ္ပဏီလီမိတက် ရန်ကုန်မြို့က လူနာ ၁၀ဦးအတွက် အလှူငွေကျပ် သုံးသိန်းငါးသောင်းကို ပေးအပ်လှူဒါန်းကြရာ မျက်စိဆေးရုံ ကြီးကြပ်မှုကော်မတီက လက်ခံယူကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဇန်နဝါရီ ၂၅ ရက်က သဃ်န်းကျွန်း မြို့နယ် အမှတ်(၁၇)အခြေခံပညာ မူလတန်းလွန် ကျောင်း၌ သဃ်န်းကျွန်းမြို့နယ် ၂၄ရပ်ကွက် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းက တစ်ကျောင်း လုံး ရှိ ကျောင်း သား ကျောင်းသူများကို အာဟာရအလှူအဖြစ် သာဂူတိုက်ကျွေးစဉ်။ (က-ပ)

ရာသက်ပန်အသင်းဝင် အသိအမှတ်ပြုလွှာနှင့် ရင်ထိုးတံဆိပ်များပေးအပ်

ကော့သောင်း ဖေဖော်ဝါရီ ၁၀

ကော့သောင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ရပ်ကွက်၊ ကျေးရွာ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များအား ရာသက်ပန်အသင်းဝင် အသိအမှတ်ပြုလွှာနှင့် ရင်ထိုးတံဆိပ်များပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂ ရက်က စုပေါင်းရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်လှလှဝင်းက ဆောင်ရွက်ရမည့်ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးပြောကြားကာ မြို့နယ်အသင်းအမှုဆောင်များက ဆွေးနွေးရှင်းလင်းကြသည်။

ဆက်လက်၍ မြို့နယ်မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်လှလှဝင်းက ရပ်ကွက်၊ ကျေးရွာအသင်း ဥက္ကဋ္ဌများကို ရာသက်ပန်အသင်းဝင် အသိအမှတ်ပြုလွှာနှင့် ရင်ထိုးတံဆိပ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ယာပုံ)**
(မြို့နယ် ပြန်/ဆက်)

ညောင်စာရေးတိုက်နယ်အသင်း(ရန်ကုန်) သံကူကွန်ကရစ်တံတား တည်ဆောက်ရန် ငွေလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ညောင်စာရေးတိုက်နယ်အသင်း(ရန်ကုန်)မှ ပဲခူးတိုင်း(အနောက်ပိုင်း) ရွှေတောင်မြို့နယ် ညောင်စာရေး–ရွှေနတ်တောင်ကားလမ်းပေါ်ရှိ ညောင်စာရေးရွာအထွက် သပြေကုန်းတံတားကို သံကူကွန်ကရစ်တံတားအဖြစ် ပြန်လည်တည်ဆောက်နိုင်ရန်အတွက် အလှူငွေကျပ် ၁၅သိန်းကို ညောင်စာရေးရွာရွှေမဥ္ဇူကျောင်း ပဓာနနာယကတိုက်နယ်အသင်း ဩဝါဒစရိယဆရာတော် ဘဒ္ဒန္တ ကောဝိဒ (ဓမ္မာစရိယ)ရှေ့မှောက်တွင် တိုက်နယ်အသင်း၏ ကိုယ်စား အလုပ်အမှုဆောင် ဦးလှစောက ပေးအပ်လှူဒါန်းရာ ညောင်စာရေးရွာ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုတူးနှင့် တံတားတည်ဆောက်ရေးဥက္ကဋ္ဌ ဦးအေးဇော်တို့က လက်ခံယူသည်။**(ယာပုံ)**

ဒေသနှင့်ဆက်နွယ်သော ကုသိုလ်များကို ပြုလုပ်လိုသူများအနေဖြင့် ညောင်စာရေးတိုက်နယ်အသင်း(ရန်ကုန်) ဖုန်း–၅၆၄၃၆၀၊ ၀၉–၅၁–၅၁၅၁၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ **(က–ပ)**

ခေမာရုံသိမ်တော်ကြီး ရေစက်ချပွဲ ကျင်းပမည်

ပဲခူး ဖေဖော်ဝါရီ ၁၀

အလှူရှင် ရန်ကုန်မြို့ ဗိုလ်ဆွန်ပက်လမ်း(အထက်)နေ ဒေါ်လှမြင့်၊ ဦးအောင်ကျော်စိုးဦး–ဒေါ်ခင်စိုးသီ (ဦးစိုးလွင်နှင့်သားများ ဂျုံဖြူရေပန့် ရောင်းဝယ်ဖြန့်ဖြူးရေး)မိသားစု၊ သန်လျင်မြို့နေ အရပ်ဆရာအောင်၊ ဇနီးဒေါ်နှင်းရည်ကျော်မိသားစုနှင့် အလှူရှင်များစုပေါင်း၍ ငွေကျပ်သိန်း ၈၀ အကုန်အကျခံ တည်ဆောက်ပြီးစီးသွားသည့် ပဲခူးမြို့ ဝမ်းဘဲအင်း ကျေးရွာ ဒေးစွန်ပါ ဆံတော်ရှင်တောင်ခြေရင်းရှိ သန္တိသုခကျောင်း ပရိဝုဏ်ရှိ ခေမာရုံသိမ်တော်ကြီး ရေစက်ချအလှူမင်္ဂလာအခမ်းအနားကို ဖေဖော်ဝါရီ ၂၁ရက် (တပို့တွဲလပြည့်နေ့)တွင် အဆိုပါသိမ်တော်ကြီး၌ ကျင်းပသွားမည်ဖြစ်သည်။**(အပေါ်ဝဲပုံ)**

အခမ်းအနားတွင် ပဲခူးမြို့နယ် သံဃနာယကအဖွဲ့ဝင် ဆရာတော်များ၊ ဒေးစွန်ပါကျေးရွာ သန္တိသုခကျောင်းတိုက် ပဓာနနာယက ဆရာတော်အမှူးပြုသော ပဲခူးမြို့နယ်နှင့် ဒေးစွန်ပါ ကျေးရွာ ပတ်ဝန်းကျင်ရှိ ဘုန်းတော်ကြီးကျောင်းတိုက် ၇၄ကျောင်းတို့မှ ပင့်သံဃာတော်အပါး ၂၅၀တို့အား အလှူရှင်များက လှူဖွယ်ပစ္စည်းများဖြင့် ဆက်ကပ်လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ကျိုက်လတ်မြို့နယ်အသင်း နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ကျိုက်လတ်မြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကို မတ် ၁၆ ရက်(တနင်္ဂနွေနေ့)နံနက် ၉နာရီတွင် ဗဟန်းမြို့နယ် ဧရာဝတီတိုင်း ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

အသက်(၇၅)နှစ်အထက် အသင်းဝင် သက်ကြီးပူဇော်ပွဲ၊ နိုင်ငံတော်က ချီးမြှင့်သည့် ဘွဲ့ထူး၊ ဂုဏ်ထူးရပုဂ္ဂိုလ်များ ဂုဏ်ပြုပွဲနှင့်၂၀၀၆–၂၀၀၇ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိသောအသင်းဝင် သားသမီးများအား ပညာရည်ချွန်ဆုပေးပွဲများ ပါဝင်မည်ဖြစ်ပါ၍ အမည်၊ အထောက်အထားစသည်တို့ကို အသင်းဥက္ကဋ္ဌ ဦးမောင်ညိမ်း ဖုန်း–၆၆၇၁၃၃၊ ဒုတိယဥက္ကဋ္ဌဦးကျော်မြင့် ဖုန်း–၂၆၉၂၀၁၊ အတွင်းရေးမှူးဦးကျော်ရင်ဖုန်း–၅၆၀၅၂၀၊ ဘဏ္ဍာရေးမှူးဦးအောင်ဆန်း ဖုန်း–၅၅၃၄၃၅၊ အသင်းရုံးဖုန်း–၅၀၁၅၁၈နှင့် နီးစပ်ရာ အမှုဆောင်များထံသို့ ဖေဖော်ဝါရီ ၂၉ရက်နောက်ဆုံးထား၍ ပေးပို့ကြပါရန်နှင့် အစည်းအဝေးသို့ အသင်းဝင်များ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က–ပ)**

စိတ္တဝိဝေကကျောင်းတော်ကြီးအတွက် အလှူငွေပေးအပ်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်း၁ရပ်ကွက် ၂လမ်းရှိ ရတနာမဥ္ဇူ ဓမ္မရိပ်သာ၌ တည်ဆောက်လျက်ရှိသော စိတ္တဝိဝေက လေးထပ်ကျောင်းတော်ကြီးအတွက် ဒုတိယအကြိမ်မြောက် အလှူငွေပေးအပ်ပွဲကို ဖေဖော်ဝါရီ၁၂ရက် နံနက်ပိုင်းက ယင်းကျောင်းတိုက်၌ ကျင်းပသည်။

ဂုဏ်ပြုလွှာ

ရှေးဦးစွာ ရတနာမဥ္ဇူဓမ္မရိပ်သာကျောင်းမှ ကမ္မဋ္ဌာနာစရိယ ဆရာတော် အရှင်ဇေယျာနန္ဒ(ပုဂံ)ထံမှ တက်ရောက်လာသူများက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး အလှူငွေပေးအပ်ပွဲကျင်းပရာ လသာမြို့နယ် လသာလမ်းနေ ဒေါက်တာခင်ယုနွယ်(ယု–ဓာတု)နှင့် ဆီလီကွန်ကျောင်းသား ကျောင်းသူများက အလှူငွေကျပ် ၁၀သိန်း**(အပေါ်ပုံ)**၊ ဗိုလ်တထောင်မြို့နယ် ၅၂လမ်းနေ ဒေါ်မြသိန်းမိသားစုက ငွေကျပ်ငါးသောင်း၊ ကျောက်မဲမြို့ ရှမ်းပြည်နယ်(မြောက်ပိုင်း) နေ ဒေါ်နန်းရွှေမြမိသားစုက ငွေကျပ်ငါးသောင်း၊ ဦးတင်–ဒေါ်ခင်အုန်းမြင့် (ရွှေလရောင်ပွဲရုံ–ဘုရင့်နောင်)မိသားစုက ငွေကျပ်သုံးသောင်း၊ ကမာရွတ်မြို့နယ် ဦးထွန်းလင်းခြံလမ်းနေ ဒေါ်ခင်စန်းယဉ်မိသားစုက ငွေကျပ်သုံးသောင်းနှင့် ကိုဇော်ဝင်းနိုင်–မသီတာဝင်း မရမ်းကုန်း သမိုင်း ၁ရပ်ကွက် ငွေကျပ်သုံးသောင်းတို့ကို ပေးအပ်လှူဒါန်းကြရာ ကျောင်းဖြစ်မြောက်ရေး ကော်မတီမှ တာဝန်ရှိသူများက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ ယင်းကျောင်းတော်ကြီးအတွက် ကုသိုလ်ပြု လှူဒါန်းလိုသူများသည် ကျောင်းဖြစ်မြောက်ရေးကော်မတီနာယက ဦးပေါ်ထွန်း ဖုန်း–၆၈၂၉၅၆၊ ဥက္ကဋ္ဌ ဦးမောင်မောင် ဖုန်း–၆၅၂၀၇၇နှင့် ရတနာမဥ္ဇူ ဓမ္မရိပ်သာ ဖုန်း–၆၆၃၈၀၂ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က–ပ)**

အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

မြန်မာနိုင်ငံလုံးဆိုင်ရာ ဂေါ်ရခါးဟိန္ဒူဓမ္မအဖွဲ့ချုပ်နာယက ဦးနန္ဒနှင့်ဇနီး ဒေါ်ကာလာဝသီ မိသားစုတို့က ၁၀–၂–၂၀၀၈ ရက်တွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ဗိုလ်တထောင်ဘုရားလမ်းသွယ်(၃)၌ **နန္ဒနေ ဦးပါနေ ဓမ္မသာလာ**အဆောက်အအုံကို တည်ဆောက်လှူဒါန်းနိုင်ခဲ့သည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းမြောက်ဂုဏ်ယူမိပါသည်။ အမျိုးဘာသာ၊ သာသနာအတွက် ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ဦးသိန်းဇော်(ခ)တပ်ဗဟာဒူး–ဒေါ်သူလဆီ
စိန်နန်းတော်မိသားစု
မန္တလေး၊ ၂၈လမ်း x ၇၃လမ်းထောင့်။

အင်္ဂလိပ်ဘာသာစကား အမျိုးသားဗဟိုဌာန ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

ကမာရွတ်မြို့နယ် ပြည်လမ်းရှိ အင်္ဂလိပ်ဘာသာစကား အမျိုးသားဗဟိုဌာနအတွင်းရှိ စားသောက်ဆိုင်ခန်းအား ငှားရမ်းရောင်းချခွင့် ချိပ်ပိတ်တင်ဒါခေါ်ယူရန် ရှိပါသည်။ အသေးစိတ်အချက်အလက်များကို သိလိုပါက ၂၇–၂–၂၀၀၈ရက်နောက်ဆုံးထား၍ ရုံးချိန်အတွင်း အတွင်းရေးမှူး ဆိုင်ခန်းကြီးကြပ်ရေးကော်မတီထံတွင် စုံစမ်းနိုင်ပါသည်။

ဖုန်း–၅၀၁၅၄၇ လိုင်းခွဲ–၂၀၁၊ ၂၀၅၊ ၂၀၆၊ ၂၀၇။
အတွင်းရေးမှူး
ဆိုင်ခန်းကြီးကြပ်ရေးကော်မတီ။

အေးငြိမ်းသီတာ

တိုင်းရင်းဆေးစွမ်းကောင်းများ

- * အကြောအားတိုးဆေးပြား/ဆေးတောင့်
- * အဆီကျဆေး၊ သလိပ်ကြေဆေး
- * အကိုက်အခဲပျောက်အဖျားဖြတ်ဆေး
- * အစာကြေရင်ချောင်ဆေး
- * အထက်လှန်အောက်လျှောသောက်ဆေး။

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၆၆)
နေပြည်တော်ပျဉ်းမနားခရိုင်တရားရုံး
၂၀၀၇ ခုနှစ် တရားမဇာရီမှုအမှတ်–၂၉

မန်နေဂျာ မြန်မာ့စီးပွားရေးဘဏ်	**နှင့်**	၁။ ဦးကျော်အေး
နေပြည်တော်တပ်ကုန်း။		၂။ ဒေါ်ခင်သန္တာ
တရားနိုင်		**တရားရှုံးများ**

၂၀၀၆ ခုနှစ် တရားမကြီးမှုအမှတ်–၈၃၅တွင် ရရှိခဲ့သော ဒီကရီအရ အောက်ဖော်ပြပါ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကို ၂၀၀၈ ခုနှစ် မတ် ၂၅ရက် (မြန်မာသက္ကရာဇ် ၁၃၆၉ ခုနှစ် တပေါင်းလပြည့်ကျော် ၄ ရက်) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရှိရာ အရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

နေပြည်တော်တပ်ကုန်း အောင်ဇေယျရပ်ကွက်ရှိ အကွက်အမှတ် (၂၀/သတိုးမင်းစော)၊ ဦးပိုင်အမှတ်(၄၁)၊ မြေကွက်အမှတ်(၂၀/သတိုးမင်းစော)၊မြေချိန်ဧရိယာ ၀ဒသမ၀၉၈ဧကရှိ မြေ၊ ယင်းမြေပေါ်ရှိ (၅ x၅)ပင် သွပ်မိုးတစ်ထပ်နံကပ်တိုက်နှင့် ရေချိုးခန်း၊အိမ်သာ၊အပေါ်ရေကန်။ **လေလံကြမ်းခင်းဈေး ကျပ်သိန်း၃၅၀။**

ရောင်းချရန် စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချမည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ လေလံစည်းကမ်းချက်များကို ရောင်းချသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

လှဝင်း
ဒုတိယခရိုင်တရားသူကြီး
နေပြည်တော်ပျဉ်းမနားခရိုင်တရားရုံး။

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၆၆)
နေပြည်တော်ပျဉ်းမနားခရိုင်တရားရုံး
၂၀၀၇ ခုနှစ် တရားမဇာရီမှုအမှတ်–၄၀

မန်နေဂျာ	**နှင့်**	၁။ ဦးဇော်ဝင်း
မြန်မာ့စီးပွားရေးဘဏ်		၂။ ဒေါ်မိမိခိုင်
နေပြည်တော်တပ်ကုန်း။		
တရားနိုင်		**တရားရှုံးများ**

၂၀၀၆ ခုနှစ် တရားမကြီးမှုအမှတ်(၇၂၁)တွင် ရရှိခဲ့သော ဒီကရီအရ အောက်ဖော်ပြပါ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကို ၂၀၀၈ ခုနှစ် မတ် ၂၅ ရက် (၁၃၆၉ခုနှစ် တပေါင်းလပြည့်ကျော် ၄ ရက်) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

နေပြည်တော်တပ်ကုန်း မြဝတီရပ်ကွက်ရှိ အကွက်အမှတ် ၁၅၊ ဦးပိုင်အမှတ်(၁၀၅)၊ မြေကွက်အမှတ် (၁၅/မင်းခေါင်)၊ မြေချိန်ဧရိယာ ၀ဒသမ၁၁၀ ဧကရှိဂရန်မြေ၊ ယင်းမြေပေါ်ရှိ (၂၄ x ၂၄ x ၂၀)ပေရှိ အပေါ်သွပ်မိုး၊ အောက်သမံတလင်းခင်း၊ ($4\frac{1}{2}$) အုတ်ရိုးညှပ် နှစ်ထပ်တိုက်။

လေလံကြမ်းခင်းဈေး ကျပ်သိန်း ၃၅၀။

ရောင်းချရန်စည်းကမ်းချက်များ

၁။ စာရင်းတွင် ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင်မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချမည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ လေလံစည်းကမ်းချက်များကို ရောင်းချသူအရာရှိထံ လေလံတင် ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

လှဝင်း
ဒုတိယခရိုင်တရားသူကြီး
နေပြည်တော်ပျဉ်းမနားခရိုင်တရားရုံး။





ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)
လှိုင်ကော်မြို့နယ်တရားရုံး
၂၀၀၈ခုနှစ် တရားမကြီးမှုအမှတ်–၉

မမိုးမိုးသန်း	**နှင့်**	စိုင်းသိုက်ဝင်း
ခူ/၇၈၊ ငုရွှေဝါလမ်း		ခ/၆၂၊ ဓမ္မရုံလမ်း၊ လှိုင်ကော်မြို့
ဒေါ်ဥခူရပ်ကွက်၊ လှိုင်ကော်မြို့။		(ယခု နေရပ်လိပ်စာမသိ)
တရားလို		**တရားပြိုင်**

စိုင်းသိုက်ဝင်း (ယခုနေရပ်လိပ်စာမသိ) သူက သိစေရမည်။

သင့်အပေါ်၌ မမိုးမိုးသန်းက လင်မယားကွာရှင်းပေးစေလိုမှု လျှောက်ထား စွဲချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့် ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၂၀၀၈ခုနှစ် ဖေဖော်ဝါရီ ၂၈ရက် မွန်းမတည့်မီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကိုထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့် အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။

၂၀၀၈ခုနှစ် ဖေဖော်ဝါရီ ၁၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

သန္တာရှင် (တ/၂၅၃၃)
ဒုတိယမြို့နယ်တရားသူကြီး
လှိုင်ကော်မြို့နယ်တရားရုံး။

ဖခင်အမည်မှန်

အထက (ချောင်းဆုံ) အဌမတန်း (B)မှ မောင်ဖြိုးသူရအောင်၏ ဖခင်အမည်မှန်မှာ ဦးစိန်လွင်ဦး ၆/မအရ(နိုင်) ၀၁၈၅၁၄ ဖြစ်ပါကြောင်း။ **ဦးစိန်လွင်ဦး။**

ကော်မရှင်အနေဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို အမျိုးသားညီလာခံကြီးက တညီတညွတ်တည်းချမှတ်ထားသည့် အခြေခံရမည့်မူများ အသေးစိတ်အခြေခံရမည့်မူများနှင့်အညီ ၂၀၀၇ ခုနှစ် ဒီဇင်ဘာ ၃ ရက်မှ စတင်ရေးဆွဲခဲ့ အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို ပြည်သူများသိရှိလေ့လာနိုင်ရန် ရုပ်မြင်သံကြား၊ ရေဒီယိုနှင့် သတင်းစာတို့တွင် အသေးစိတ်ထုတ်ပြန်ခဲ့၊ စာအုပ်ကိုလည်း ပုံနှိပ်ဖြန့်ချိပေးခဲ့ ကော်မရှင်အဖွဲ့ဝင်အားလုံး၏ အကြိမ်ကြိမ်ဆွေးနွေးအကြံပြုချက်ဖြင့် သဘောတူဆုံးဖြတ်ခဲ့ကြခြင်းဖြစ်၍

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ကော်မရှင်ကအတည်ပြုကြောင်းကြေညာ

နေပြည်တော် ဖေဖော်ဝါရီ ၁၉

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင် အစည်းအဝေး(၁၇/၂၀၀၈)တွင် သဘာပတိ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင်ဥက္ကဋ္ဌ တရားသူကြီးချုပ်ဦးအောင်တိုး ပြောကြားသည့် နိဂုံးချုပ်အမှာစကားအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင် အဖွဲ့ဝင်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဦးစွာဆုတောင်း မေတ္တာပို့သလိုက်ပါတယ်။ **စာမျက်နှာ ၃ ကော်လံ ၁** ✻

သဘာပတိ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင်ဥက္ကဋ္ဌ တရားသူကြီးချုပ်ဦးအောင်တိုး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင် အစည်းအဝေး(၁၇/၂၀၀၈)တွင် နိဂုံးချုပ် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင် အစည်းအဝေး(၁၇/၂၀၀၈)ကျင်းပ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို အတည်ပြုကြောင်း မော်ကွန်းတင်လက်မှတ်ရေးထိုး

နေပြည်တော် ဖေဖော်ဝါရီ ၁၉

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင်အစည်းအဝေး(၁၇/၂၀၀၈)ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ်(၂၂) နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါအစည်းအဝေးသို့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင်ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး၊ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မရှင်အဖွဲ့ဝင်များ စုံညီစွာတက်ရောက်ကြသည်။ **စာမျက်နှာ ၁၀ ကော်လံ ၁** ❒

မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင်အဖွဲ့ဝင်များ အစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)